မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၄ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၃၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

တစ်နှစ်လျှင်အဆင့်မြင့်ကြွေသီးမျိုးစုံ တန် ၈၀၀ ထုတ်လုပ်ပေးနိုင်မည့်

အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်)ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အဆိုပါစက်ရုံဖွင့်ပွဲမှခင်းရှေ့၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်အင်ဂျင်နီယာမှူးများ၊ မကွေးတိုင်းဒေသကြီးရှိ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

စက်ခလုတ်နှိပ်ဖွင့်လှစ်

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့ အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်) စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။

(စက်မှု-၁)

အထူးစီမံကိန်းဝင် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း



ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းမှ ချဉ်းကပ်ရေသွယ်ဥမင်လိုဏ် အမှတ်(၄) ပြီးစီးမှုမြင်ကွင်း....။

➤ သတင်းနှင့်ဓာတ်ပုံ - သက်ထက်ကို (ဘော်ဂါမြေ)

ရန်ကုန် စက်တင်ဘာ ၃

တောအထပ်ထပ် တောင်အသွယ်သွယ် ဖြတ်ကျော်ပြီးကာမှ ရောက်ခဲ့ရသော ကယားပြည်နယ်၏မြို့တော် လွိုင်ကော်မြို့....။

ဖြတ်သန်းစီးဆင်း

ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်းမှ လာကြိုမည့်ကားကို စောင့်မျှော်ရင်း မိမိရှေ့မှ ဖြတ်သန်းစီးဆင်းနေသော ဘီလူးချောင်း ရေတသွင်သွင်ဝယ် စိတ်အလျဉ်က မျောပါသွားမိသည်။

ဘီလူးချောင်းသည်ကား ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးကန်၏ တောင်ဘက်ထွက်ပေါက်မှသည် ဖယ်ခုံ၊ မိုးဗြဲဒေသများကို ဖြတ်ကျော်ကာ ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း စီးဝင်ဖြတ်သန်းခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃-၉-၂၀၁၀

ဝမ်းတွင်းမြို့	၄ ဒသမ ၃၂ လက်မ
ဘားအံမြို့	၃ ဒသမ ၂၇ လက်မ
ကော့ကရိတ်မြို့	၂ ဒသမ ၄၈ လက်မ
ညောင်လေးပင်မြို့	၁ ဒသမ ၉၇ လက်မ
ဘီးလင်းမြို့	၁ ဒသမ ၉၇ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၄ ရက်)

မြန်မာ့တိုင်းရင်းဆေး စံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ရေး တိုင်းရင်းဆေးပညာရှင်များ ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံသည် သစ်တောသစ်ပင်များပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။ သစ်တောသစ်ပင်များသည် လူတို့၏ စားဝတ်နေရေးအတွက် များစွာ အသုံးဝင်လျက်ရှိသည်။

မြန်မာ့သစ်တောကြီးများတွင် တန်ဖိုးမဖြတ်နိုင်သော သစ်ပင်ပန်းမန် မြောက်မြားစွာရှိပြီး ၎င်းတို့ထဲ၌ အထူးသဖြင့် ဆေးဖက်ဝင်အပင်များစွာ ပါဝင်သည်။

မျက်မှောက်ကာလတွင် လူတို့၏နေထိုင်စားသောက်မှု ပြောင်းလဲလာသည်နှင့်အမျှ ရောဂါအသစ်အဆန်းများလည်း တိုးပွားလာလျက်ရှိသည်။ ယင်းသို့ ရောဂါများတိုးပွားလာသည့်အလျောက် အချို့သော ရောဂါများသည် ခေတ်မီဆေးဝါးကို အသုံးပြုခြင်းမဟုတ်ဘဲ မြန်မာ့တိုင်းရင်းဆေးဝါးများဖြင့် ကုသမှုကြောင့် အကျိုးဖြစ်ထွန်းခဲ့ပြီး ရောဂါများသက်သာပျောက်ကင်းစေခဲ့သည်။

တိုင်းရင်းဆေးများသည် ပင်ကိုသဘာဝအစွမ်းအာနိသင်ရှိပြီး ဘေးထွက်ဆိုးကျိုးနည်းသည်။ ကမ္ဘာ့နိုင်ငံအချို့သည် ခေတ်ပေါ်ဆေးဝါးများအစား ရိုးရာတိုင်းရင်းဆေးများကို ထုတ်လုပ်လျက်ရှိပြီး တိုင်းရင်းဆေး သုတေသနလုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်လာခဲ့ကြသည်။

ယခုအခါ မြန်မာ့တိုင်းရင်းဆေးသည် တီဘီ၊ ငှက်ဖျား၊ ဆီးချို၊ သွေးချို၊ ဝမ်းပျက် ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါများကို အစွမ်းထက်ထက်နှင့် ကုသပျောက်ကင်းသက်သာလျက်ရှိသည်။ မြန်မာ့တိုင်းရင်းဆေးများကို မိမိတို့နိုင်ငံအတွင်း ထွက်ရှိသော ရုက္ခအုပ်စုဝင် သစ်ပင်၊ သစ်မြစ်၊ သစ်ဥများဖြင့် ဖော်စပ်ထားခြင်းဖြစ်သည်။ ဘေးထွက်ဆိုးကျိုးနည်းပြီး ကျန်းမာရေးအတွက် များစွာအသုံးဝင်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို ပြည်သူများသုံးစွဲနိုင်ရန်အတွက် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယခုကဲ့သို့ အစွမ်းထက်သော တိုင်းရင်းဆေးဝါးများ၊ ဆေးဖက်ဝင်သယံဇာတ အရင်းအမြစ်များ မပျောက်ပျက်စေရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာ စနစ်တကျထွန်းကားရေးအတွက်၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖြစ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးသွားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာ့တိုင်းရင်းဆေးအစွမ်းကို ကမ္ဘာကပင် အသိအမှတ်ပြုလျက်ရှိရာ တိုင်းရင်းဆေးပညာရှင်များက ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်၍ စံချိန်စံညွှန်းမီ ဖော်ထုတ်မြှင့်တင်ခြင်းဖြင့် အရည်အသွေးပြည့်စုံထက်မြက်သော တိုင်းရင်းဆေးများအဖြစ် နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၄-၉-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း** (အပိုင်း-၁)
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ ကာတွန်းအစီအစဉ် **အမြွာစုံထောက်** (အပိုင်း-၃၅)
၁၂း၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **နတ်ပျိုးသည့်ပန်း** ဟိန်းဝေယံ၊ သင်ဇာဝင့်ကျော် [ဒါရိုက်တာ- ကျော်ဇောလင်း (အတွေးပုံရိပ်)]
၁၃း၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၆၆)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ လှျပ်တစ်ပြက်
၆း၃၀ ၁၃။ **စားဖို့ဆောင်ချစ်သူ**
၆း၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၄၅)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူရွှင်တော်စတား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၃)
၂၄။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၂၄)

ဆန်ခါပိုက်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း သရုပ်ပြ

ဟသ်ာတ စက်တင်ဘာ ၃

ဟသ်ာတမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူး၍ ရေဟသ်ာကုမ္ပဏီများအုပ်စုနှင့်ပူးပေါင်းပြီး ဆန်ခါပိုက်ဖြင့် ပေါင်းပျိုးထောင်စိုက်ပျိုးနည်းသရုပ်ပြပွဲကို ဩဂုတ် ၂၆ရက်က လယ်တော်အုပ်စု ရေဟသ်ာကုမ္ပဏီပိုင် စိုက်ခင်း၌ကျင်းပရာ ခရိုင်မန်နေဂျာ ဦးစိုးမြင့်၊ မြို့နယ်မန်နေဂျာ ဦးဌေးလွင်၊ ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြသည်။ သရုပ်ပြပွဲတွင် မြို့နယ်မန်နေဂျာ ဦးဌေးလွင်က ဆန်ခါပိုက်ဖြင့် ပေါင်းပျိုးထောင်စိုက်ပျိုးနည်းစနစ်၏ အကျိုးရလဒ်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက လက်တွေ့သရုပ်ပြသကြသည်။

(အောက်ပုံ)

အကောင်အထည်ဖော်

ယခုအခါ ဟသ်ာတမြို့နယ် တောင်သူသင်တန်းကျောင်း နှစ်နေရာတွင် ဆန်ခါပိုက်ဖြင့် ပေါင်းပျိုးထောင်စိုက်ပျိုးခြင်းကို တောင်သူ ၅၀က ဧက ၁၂၀၌ အကောင်အထည်ဖော် စိုက်ပျိုးပြီးကြောင်း သိရသည်။

(၁၄၆)

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဦးဌေးဦးအား ဩစတြေးလျ ဓနသဟာယနိုင်ငံသံအမတ်ကြီးနှင့် ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံသံအမတ်ကြီး H.E.Ms.Michelle Su- Wen Chan သည် ဩဂုတ် ၃၁ရက် မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ (အပေါ်ပုံ)

ဆွေးနွေး

အလားတူ ဝန်ကြီးဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yasuaki NOGAWA သည် စက်တင်ဘာ ၁ရက် မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးမီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၁၃ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် ဈေးတာဝန်ရှိသူတို့က သရုပ်ပြရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံအတွင်း ပျူများပျံ့နှံ့နေထိုင်မှုနှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးခြင်း သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

မြန်မာနိုင်ငံအတွင်း ပျူများပျံ့နှံ့နေထိုင်မှုနှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးခြင်း သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်၊ ဒေါ်အုန်းကြည်၊ ဦးကျော်ငြိမ်းနှင့် ဦးချစ်စံ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဧည့်သည်တော်များ၊ သုတေသနပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှာဖွေတွေ့ရှိ

ရှေးဦးစွာ မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဦးခင်အောင်မြင့်**(ယာပုံ)**က အမှာစကားပြောကြားရာတွင် ၂၀၀၈ခုနှစ် ဖွန်လမှစ၍ ဦးစီးဌာနအလိုက် စာတမ်းဖတ်ပွဲများကို ခိုင်မာသည့် ရည်ရွယ်ချက်များချမှတ်ပြီး ကျင်းပခဲ့ရာ ယခု စာတမ်းဖတ်ပွဲသည် (၁၉)ကြိမ်မြောက်ဖြစ်သကဲ့သို့ သမိုင်းသုတေသနဦးစီးဌာန၏ သတ္တမအကြိမ်မြောက် စာတမ်းဖတ်ပွဲလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများသည် ရှည်လျား၍ ခိုင်မာသောသမိုင်းကြောင်းနှင့်အတူဖြစ်ထွန်းလာသည့် နိုင်ငံနှင့်လူမျိုးများဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်သန်း ၄၀မှစ၍ မြန်မာ့မြေပေါ်တွင် လူသားမျိုးနွယ်အစ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများကို ရှာဖွေတွေ့ရှိခဲ့ပြီး ဆက်လက်ကြိုးပမ်း အားထုတ်မှုကြောင့် လူတူပရိုင်းမိတ် အထောက်အထားများကို အခိုင်အမာဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ယဉ်ကျေးမှုစတင်ပေါ်ထွန်းခဲ့သော သမိုင်းမတင်မီ ခေတ်ကာလများ၌လည်း မြန်မာနိုင်ငံတွင် ကျောက်ခေတ်ယဉ်ကျေးမှုကာလများဖြစ်သည့် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုများ အဆင့်ဆင့် ထွန်းကားခဲ့ကြောင်း၊ ၎င်းမှတစ်ဆင့် ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုများ ထွန်းကားခဲ့ပြီး မြို့ပြယဉ်ကျေးမှုကိုထူထောင်နိုင်သည့် ပျူယဉ်ကျေးမှုထွန်းကားသောကာလကို ရောက်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနှံ့အပြားတွင် ပျူများ ပျံ့နှံ့နေထိုင်ခြင်းနှင့် ထင်ရှားသော ပျူမြို့ပြနိုင်ငံများ ထူထောင်နိုင်ခဲ့ခြင်း၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်အနုသုခုမသဘင်ရှိခဲ့ခြင်းတို့သည် ပျူများ၏ ထူးခြားသော အသွင်များပင်ဖြစ်ကြောင်း၊ ပျူတို့မှ အသီးတစ်ရာ အညာတစ်ခုပမာ ဆင်းသက်လာသူများက ပုဂံလက်နက်နိုင်ငံတော်ကြီးကို ဆက်လက်ထူထောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ရှေးဦးမြို့ပြ ယဉ်ကျေးမှုထွန်းကားခဲ့သည့် ပျူလူမျိုးများသည် မြန်မာနိုင်ငံအတွင်း ရေကြည်ရာ မြက်နုရာ သွားရောက်အခြေချနေထိုင်ခဲ့ကြကြောင်း၊ ပျူမြို့ဟောင်းများဖြစ်သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ တကောင်း၊ ပင်လယ်နှင့် ဝတီး၊ ရခိုင်မြို့ဟောင်းများဖြစ်သည့် ဓညဝတီနှင့် ဝေသာလီ၊ မွန်မြို့ဟောင်းများဖြစ်သည့် ကျိုက္ကသာနှင့် ဟံသာဝတီ၊ ထားဝယ်မှ သာဂရစသည့် မြို့ဟောင်းများသည် မြို့တည်စနစ်၊ နန်းတည်စနစ်၊ အသုံးအဆောင်၊ အဝတ်အစားများမှအစ အုတ်အရွယ်အစားအထိ များစွာကွဲပြားမှုမရှိဘဲ တူညီနေသော အချက်က ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် အသီးတစ်ရာ အညာတစ်ခုဆိုသကဲ့သို့ ပျူယဉ်ကျေးမှုဆိုသည့် ပင်စည်ကြီးမှ အခက်အလက်အညွန့်အဖူးများ ဝေဖြာဆင့်ပွား ထွန်းကားခဲ့ကြကြောင်း သုံးသပ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ "ပျူစစ်ရင် မြန်မာ" ဆိုသည့် ရှေးအစဉ်အဆက် ဆိုရိုးစကားသည် မြန်မာလူမျိုးများ အစဉ်အဆက် ယဉ်ကျေးမှုအဆင့်ဆင့် ပြောင်းလဲဖြစ်ထွန်းလာမှုကို ညွှန်ပြနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းအခြေခံ အချက်အလက်များကြောင့် မြန်မာပြည်သူများသည် သမိုင်းမတင်မီခေတ်မှစတင်၍ မိမိနိုင်ငံ၊ မိမိတိုင်းပြည်တွင် နေထိုင်လာခဲ့ကြသူများဖြစ်ပြီး ယဉ်ကျေးမှုအဆင့်ဆင့်မြင့်မားစွာ ဖြစ်တည်လာခဲ့ပုံကို ခိုင်ခိုင်မာမာပြသနိုင်ကြောင်း၊ မြန်မာများ၏ ဘိုးဘွားများဖြစ်သည့် ပျူများ ပျံ့နှံ့နေထိုင်မှုသည် မြန်မာနိုင်ငံအနှံ့၌ဖြစ်ပြီး ပျူများ၏ ယဉ်ကျေးမှုအဆင့်အတန်းသည်လည်း အလွန်မြင့်မားခဲ့သည်ကို သုတေသနပြုတူးဖော်ချက်များအရ ယနေ့တိုင် တွေ့နေရကြောင်း၊ ဘိုးဘွားများ တည်ထောင်ခဲ့သည့် ပျူနိုင်ငံတော်ကြီးသည် အလွန်ဩဇာအာဏာ ပျံ့နှံ့ကြီးထွားခဲ့သည်ကို သမိုင်းသက်သေအဖြစ် တွေ့ရှိနေရကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ပြည်သူများ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်စေရန်၊ ဇာတိသွေး ဇာတိမာန်တက်ကြွစေရန်နှင့် တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးစိတ် ဖြစ်ပေါ်စေရန်တို့အတွက် အားပေးမှုကြောင့် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထားများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ စာတမ်းဖတ်ပွဲများကို ကျင်းပရခြင်းမှာ သုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များအပေါ် လေ့လာသုံးသပ်ဆင်ခြင်ပြီး တိကျခိုင်မာသည့် မြန်မာ့သမိုင်းစဉ်ကို ဖော်ထုတ်ရေးသား မှတ်တမ်းတင်နိုင်ရန်ဖြစ်ကြောင်းကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မမေ့မလျော့ဘဲ စွဲမြဲမှတ်ယူ ဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားပြီး သုတေသန စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို စတင်ကျင်းပရာ အလှည့်ကျသဘာပတိများအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူးဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်အုန်းကြည်၊ ဦးကျော်နှင့် ဦးချစ်စံတို့က ဆောင်ရွက်ကြသည်။ နံနက်ပိုင်းစာတမ်းဖတ်ပွဲတွင် မြန်မာသမိုင်းအဖွဲ့ဝင် ဦးချစ်စံက "မြန်မာ့ဘူမိဖြစ်စဉ်နှင့် ပျူတို့၏ရှေးဦးမြို့ပြနိုင်ငံ အခင်းအကျင်း" စာတမ်းနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက "မြန်မာနိုင်ငံအတွင်း ပျူလူမျိုးများပေါက်ဖွားပျံ့နှံ့နေထိုင်ပုံ" စာတမ်းတို့ကို ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

ဖတ်ကြား

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သမိုင်းသုတေသနဦးစီးဌာနမှ ကျွမ်းကျင်သူ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစံဝင်းက "လက်ရေးစင်းအုတ်ချပ်ခလေ့နှင့်ပျူယဉ်ကျေးမှု" စာတမ်း၊ သမိုင်းသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိန်မြင့်က "ပျူနိုင်ငံနှင့် အရှေ့တောင်အာရှဒေသ" စာတမ်း၊ သမိုင်းသုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်ကြသော ဒေါက်တာလှဲ့လှဲ့ဝင်းနှင့် ဒေါက်တာနှင်းယုခိုင်တို့က "ရသေ့မြို့တည်ပဟန် (တကောင်းမှ သဲကုန်းနှင့် သရေခေတ္တရာသို့ ပျူတို့ ပျံ့နှံ့နေထိုင်လာခြင်း)"စာတမ်းတို့ကို ဖတ်ကြားကြသည်။

ပြန်လည်ဖြေကြား

ဖတ်ကြားတင်သွင်းသော စာတမ်းများနှင့် စပ်လျဉ်း၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ မြန်မာသမိုင်းအဖွဲ့ဝင် ဦးချစ်စံ၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဦးတင်စိုး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဇော်ဝင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးကျော်ဦး၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်) ကျောင်းအုပ်ကြီး ဦးသိန်းလွင်၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးလှ၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ပြည်ဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူးဦးဝင်းကြိုင်၊ သမိုင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်စန်းစန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြမြသောင်းတို့က ဆွေးနွေးအကြံပြု မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဦးခင်အောင်မြင့်က စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးပြီး စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် Unicom Trade & Travel Co.,Ltd. ဒါရိုက်တာ ဦးယဉ်ထွေးတို့က အဆင့်မြင့် ကြွေသီးစက်ရုံ(ချောက်)မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးဦးအောင်သောင်းနှင့် ဝန်ကြီးဦးခင်မောင်မြင့်တို့က အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ဧည့်သည်များ၊ တာဝန်ရှိသူများနှင့်အတူ မုခ်ဦးဆိုင်းဘုတ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အဆင့်မြင့်ကြွေသီးစက်ရုံအတွင်း ကုန်ထုတ်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မှာကြား

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ကုန်ထုတ်လုပ်မှု၊ စက်များကြံ့ခိုင်မှု၊ ကုန်ကြမ်းရရှိမှုနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မဟာဓာတ်အားလိုင်းများတွင် လိုအပ်လျက်ရှိသော အဆင့်မြင့်ကြွေသီးများ ဖြည့်ဆည်းပေးနိုင်မှု အခြေအနေတို့ကိုရှင်းလင်းတင်ပြရာ ဝန်ကြီးများက အရည်အသွေး စံချိန်စံညွှန်းမီပစ္စည်းများ ထုတ်လုပ်ရန် မှာကြားကြသည်။

ထို့နောက် ဝန်ကြီးများသည် ပြည်ပကုမ္ပဏီများမှ နိုင်ငံခြားသားပညာရှင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် Unicom Trade & Travel Co.,Ltd.ဒါရိုက်တာဦးယဉ်ထွေးတို့ အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်) မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(စက်မှု-၁)

ထုတ်လုပ်ဖြန့်ဖြူး

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့်ကြွေသီးစက်ရုံသည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောက်မြို့၏ အနောက်တောင်ဘက် ၄ မိုင်ခန့်အကွာတွင် တည်ရှိပြီး အဆင့်မြင့်ကြွေသီးများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားမှတင်သွင်းနေရမှု လျော့နည်းပြီး နိုင်ငံခြားငွေ ခြိုးခြံချွေတာသက်သာစေရန်၊ ပြည်တွင်းထွက် သယံဇာတကုန်ကြမ်းများကို အကျိုးရှိစွာ အသုံးပြု၍ ထုတ်လုပ်သွားရန်၊ အဆင့်မြင့်ကြွေသီးထုတ်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်တွင်း၌နည်းပညာရရှိပြီး ကျွမ်းကျင်ပညာရှင်များပြားလာစေရန်၊ နိုင်ငံဖွံ့ဖြိုးမှုနှင့်အတူ နယ်မြေအတွင်း ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းများအတွက် တစ်နှစ်လျှင် အဆင့်မြင့်ကြွေသီးမျိုးစုံ စုစုပေါင်း တန် ၈၀၀ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကာ IEC 383/BS-137 (International Electro-technical Commission) စံချိန်စံညွှန်းဖြင့် မဟာဓာတ်အားလိုင်းများ၌ အသုံးပြုတပ်ဆင်သော အဆင့်မြင့်ကြွေသီး 500KV၊ 230KV၊ 132KV၊ 66KV၊ 33KV နှင့် 11KV (disc type) (post type) (pin type) ဗို့အားခံ ကြွေသီးများကို ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပြပွဲ သရဖီကြမ်းခင်းများ ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၃

၂၀၁၀ခုနှစ် စက်တင်ဘာ ၃ရက်မှ ၆ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပသည့် People's Utility & Electronics Exhibition ၌ သရဖီ Laminate Floor ကြမ်းခင်းများ အရောင်းပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။

အဆိုပါ သရဖီ Laminate Floor ပြခန်းတွင် ပြသထားသော ကြမ်းခင်းများမှာ ဂျာမနီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် Export Quality ကြမ်းခင်းများဖြစ်ခြင်း၊ ပြုပြင်ရလွယ်ကူပြီး အစားထိုးရလွယ်ကူခြင်း၊ သန့်ရှင်းရေး လုပ်ရလွယ်ကူခြင်း၊ အသံလုံခြင်း၊ နှစ်သက်ရာ ဒီဇိုင်းကို ရွေးချယ်နိုင်ခြင်း၊ UV ဒဏ် ခံနိုင်ခြင်း၊ Insects များ မခိုအောင်းနိုင်ခြင်း၊ ခံနိုင်ရည်ရှိမှုအတွက် နှစ်ရှည်အာမခံရရှိနိုင်ခြင်း စသည့် အချက်များကြောင့် ယခုနောက်ပိုင်းတွင် အဆိုပါ ကြမ်းခင်းများကို သုံးစွဲသူ ပိုမိုများပြားလာကြောင်း သိရသည်။

AC 3 rating အစစ်အမှန်ဖြစ်သောကြောင့် tructural Warranty, No Wear- thru Warranty, No Staining Warranty စသည်အတွက် ၁၅နှစ် အာမခံဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ Quality စစ်မှန်မှုနှင့် ဈေးနှုန်းမှန်ကန်မှု၊ စမ်းသပ်ပြသော ပစ္စည်းနှင့် ခင်းပေးသော ပစ္စည်း တူညီမှုရှိခြင်းတို့အတွက် အထူးအာမခံကြောင်း၊ ဆက်သွယ်မှာယူလိုပါက အမှတ် (ခ) (၁၊ ၂၊ ၃) သစ္စာလမ်းမကြီး ကံဘဲ့ ရန်ကင်း ဖုန်း-၀၉-၅၁၁-၅၅၃၀နှင့် ၀၁-၇၃၀၅၄၄၉၈ တို့သို့ ဆက်သွယ်ပါက အိမ်အရောက် လာရောက်တိုင်းတာပေးပြီး ကုန်ကျစရိတ်ကို အတိအကျ တွက်ပေးကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဖွင့်လှစ်ပြသသည့် လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ ၂၀၁၀တွင် သရဖီ Laminate Floor ကြမ်းခင်းများ အရောင်းပြခန်း ပြသထားစဉ်။ (သတင်းစဉ်)

သွေးသည် အသက်

အာဖဂန်မြောက်ပိုင်း၌ နေတိုးအဖွဲ့ လေကြောင်းတိုက်ခိုက်မှု အရပ်သား ၁၀ ဦးသေဆုံးခဲ့ရဟု သမ္မတ ကာဇိုင်းပြောကြား

ကဘူးလ် စက်တင်ဘာ ၃

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် စက်တင်ဘာ ၂ရက်က အလုပ်သမားများကို တင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးကို နေတိုးအဖွဲ့က လေကြောင်းမှတိုက်ခိုက်ခဲ့သဖြင့် အာဖဂန်အရပ်သား ၁၀ဦး သေဆုံးခဲ့ရကြောင်း သမ္မတဟာမစ်ကာဇိုင်း၏ ကြေညာချက်တွင် ဖော်ပြသည်။

စိုးရိမ်ပူပန်မိ

နေတိုးအဖွဲ့က အဆိုပါတိုက်ခိုက်မှုကို တက်ခ်ဟာပြည်နယ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအတွက် စိုးရိမ်ပူပန်မိကြောင်း ကာဇိုင်းက ဆက်လက်ပြောကြားသည်။

သေဆုံးနေရ

အာဖဂန်ကျေးရွာများအပေါ် လေကြောင်းမှတိုက်ခိုက်နေမှုများသည် အကြမ်းဖက်စစ်ပွဲကို ဆင်နွှဲနေခြင်းမဟုတ်ကြောင်း၊ အရပ်သားများသာ သေဆုံးနေရကြောင်း သမ္မတဟာမစ်ကာဇိုင်းက ထပ်လောင်းပြောကြားလိုက်သည်။

(အင်တာနက်)

ကင်းလှည့်

အစ္စရေး-ပါလက်စတိုင်း နယ်စပ်တွင် ကင်း လှည့် နေ သော အစ္စရေးတပ်ဖွဲ့ဝင်များအား စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အစ္စရေးတို့အား ပိုမိုတိုက်ခိုက်မှုများပြုလုပ်မည် ဟားမတ်စ်အဖွဲ့ ထုတ်ဖော်ပြောကြား

ဂါဇာစီးတီး စက်တင်ဘာ ၃

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စပြီဖြစ်သော်လည်း အစ္စရေးတို့ကို တိုက်ခိုက်မှုများပိုမိုပြုလုပ်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ဟားမတ်စ်အဖွဲ့က စက်တင်ဘာ ၂ရက်တွင် ပြောကြားလိုက်သည်။

ပြောကြား

အနောက်ဘက်ကမ်းဒေသ၌ အစ္စရေး လေးဦးအားပစ်သတ်ခဲ့ပြီးနောက် ဟားမတ်စ် အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဆာမီအဘူဇူရီက ပြောကြားလိုက်ခြင်း ဖြစ်သည်။

ထိန်းချုပ်ထား

အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေး ဆွေးနွေးမှုကို မိမိတို့ ဟားမတ်စ်အဖွဲ့ အနေဖြင့်ဆန့်ကျင်ကြောင်း၊ အစ္စရေးလေးဦး အား ပစ်ခတ်သတ်ဖြတ်ခဲ့သည်မှာလည်း မိမိတို့ပင်ဖြစ်ကြောင်း ဂါဇာကမ်းမြောင် ဒေသကို ထိန်းချုပ်ထားသော ဟားမတ်စ် အဖွဲ့က ပြောကြားသည်။

ငြင်းဆိုထား

သို့ရာတွင် အစ္စရေးလေးဦးအား ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် ဟားမတ်စ် အဖွဲ့ဝင် ၁၅၀အား ပါလက်စတိုင်းအာဏာပိုင်တို့က ဖမ်းဆီးထားသည်ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း ငြင်းဆိုထားသည်။

သဘောထားကွဲလွဲ

အစ္စလာမ္မစ်လှုပ်ရှားရေးအဖွဲ့ ဟားမတ်စ်တို့က ၂၀၀၇ခုနှစ်တွင် ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ခဲ့ပြီးနောက် အနောက်အုပ်စု ကျောထောက်နောက်ခံနေသော ပါလက်စတိုင်း အာဏာပိုင်အဖွဲ့နှင့် ဟားမတ်စ်တို့အကြား သဘောထားကွဲလွဲခဲ့ကြခြင်း ဖြစ်သည်။

(အင်တာနက်)

ပါကစ္စတန်ရေကြီးမှုအတွင်း လူ ၁၇၀၀ ကျော် သေဆုံးခဲ့

အစ္စလမ္မာဘတ် စက်တင်ဘာ ၃

ပါကစ္စတန်နိုင်ငံအတွင်း ရေကြီးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် သေဆုံးသူ ၁၇၀၀ ကျော်ရှိပြီး သန်းပေါင်းများစွာသော ပြည်သူတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ ဆုံးရှုံးမှုတန်ဖိုး၄၃ဘီလီယံကျော်ရှိကြောင်း ပါကစ္စတန်အစိုးရကစက်တင်ဘာ ၂ရက်တွင် သတင်းထုတ်ပြန်သည်။

ဤနိုင်ငံအတွင်း ငါးပတ်ကြာရေကြီးရေလွှမ်းမှုများ ဖြစ်ခဲ့ပြီးနောက် အင်ဒုဇ်မြစ်ရေများသည် အာရပ်ပင်လယ်ထဲသို့ စီးဝင်သွားခဲ့သည်။ ရေကြီးမှုဖြစ်စဉ်အတွင်း လူ ၂၆၀၀ကျော်သည်လည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါကစ္စတန်ရေကြီးမှုဆိုင်ရာကော်မရှင်က စက်တင်ဘာ ၂ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာကာသယာဉ်မှူး ခရစ်ဟတ်ဖီးလ် အာကာသစခန်းကို ကွပ်ကဲသည့် ပထမဆုံး ကနေဒါနိုင်ငံသားဖြစ်လာမည်

အော့တဝါ စက်တင်ဘာ ၃

အာကာသယာဉ်မှူး ခရစ်ဟတ်ဖီးလ်သည် ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)ကို ထိန်းချုပ်ကွပ်ကဲမည့် ပထမဆုံးသော ကနေဒါနိုင်ငံသား ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ကနေဒါအာကာသအေဂျင်စီက စက်တင်ဘာ ၂ရက်တွင် ကြေညာသည်။

အသက် ၅၁နှစ်ရှိပြီဖြစ်သော ဟတ်ဖီးလ်သည်**(အပေါ်ပုံ)** ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် ရုရှားဆိုယုဇ် အာကာသယာဉ်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ တတိယမြောက်ခရီးအဖြစ် သွားရောက်လိမ့်မည်ဖြစ်ကြောင်း၊ ၄င်းသည် နိုင်ငံတကာ အာကာသစခန်းတွင် ခြောက်လကြာ ကွပ်ကဲရမည်ဖြစ်ကြောင်း သတင်းအေဂျင်စီက ဖော်ပြသည်။

စမ်းသပ်မှုများ

ဟတ်ဖီးလ်သည် ပထမလေးလတာကာလအတွင်း နိုင်ငံတကာ အာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)၏ ပျံသန်းရေးအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ယင်းကာလအတွင်း သိပ္ပံဆိုင်ရာ စမ်းသပ်မှုများ၊ စက်ရုပ်နှင့်လုပ်ကိုင်ရသည့်လုပ်ငန်းများတွင် နည်းပညာရပ်ပိုင်းဆိုင်ရာများကိုလည်း လုပ်ဆောင်ရမည်ဖြစ်သည်။

အာကာသယာဉ်မှူး ဟတ်ဖီးလ်သည် ၂၀၀၁ ခုနှစ်က နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ရောက်ခဲ့ပြီး ပထမဆုံးကနေဒါနိုင်ငံသား တစ်ဦးအနေဖြင့် အာကာသအတွင်း လမ်းလျှောက်သူဖြစ်လာခဲ့သည်။ ၁၉၉၅ ခုနှစ်တွင်လည်း အာကာသစခန်းသို့ သွားရောက်ခဲ့သူဖြစ်သည်။

(အင်တာနက်)

အမေရိကန် ခေတ်မီသဘောင်္ဖျက်ဒုံးကျည်များ အိန္ဒိယရေတပ်ဝယ်ယူရန် သဘောတူ

မွမ်ဘိုင်း စက်တင်ဘာ ၃

အိန္ဒိယနိုင်ငံ၏ကမ်းရိုးတန်းလေကြောင်း ကာကွယ်ရေး စွမ်းရည်မြှင့်တင်ရေးအတွက် အမေရိကန် ခေတ်မီသဘောင်္ဖျက်ဒုံးကျည်များ ဝယ်ယူရန် အိန္ဒိယနှင့် အမေရိကန်အစိုးရတို့ သဘောတူ လက်မှတ်ထိုးလိုက်ကြောင်း အိန္ဒိယမီဒီယာများက စက်တင်ဘာ ၃ရက်တွင် ဖော်ပြသည်။

စာချုပ် ချုပ်ဆို

အမေရိကန်ဒေါ်လာ သန်း ၁၇၀ခန့် တန်သည့် နှစ်နိုင်ငံသဘောတူစာချုပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်ကြောင်း အိန္ဒိယ လေတပ်အနေဖြင့် ဝေဟင်မှ မြေပြင်ပစ် အမေရိကန်လုပ် ဟာပွန်ဘလောက်-၂ ဒုံးကျည် ၂၄စင်း ရယူပိုင်ဆိုင်တော့မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံထုတ် အီကော်နော်မစ်တိုင်း(မ်)သတင်းစာက ရေးသားသည်။

ဆွေးနွေးစေ့စပ်

အမေရိကန်သမ္မတ ဘုရှ်လက်ထက် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး အေကေအင်သိုနီ ဝါရှင်တန်သို့ ၂၀၀၈ခုနှစ်က သွားရောက်စဉ် ယင်းကိစ္စကို နှစ်နိုင်ငံ ဆွေးနွေးစေ့စပ်ခဲ့ခြင်း ဖြစ်သည်ဆို၏။

အမ်အင်န်အေ၊ ဆင်ဟွာ

၇၅မိုင်ရှည်သည့် ယာဉ်တန်းကြီး တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့ပြန်

ပေကျင်း စက်တင်ဘာ ၃

တရုတ်နိုင်ငံမြို့တော် ပေကျင်းမြို့မှ တိဗက်မော်တော်ကားလမ်းကြီးတစ်လျှောက်တွင် စက်တင်ဘာ ၂ရက်က မော်တော်ယာဉ်စီးရေ ၁၀၀၀၀ ကျော်ပါဝင်ပြီး ၇၅ မိုင် (ကီလိုမီတာ ၁၂၀)ရှည်လျားသည့် ယာဉ်တန်းကြီးဖြစ်ပေါ်ခဲ့ကြောင်း၊ နာရီအတန်ကြာ ယာဉ်ကြောပိတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယာဉ်ကြောပိတ်ဆို့

အဆိုပါယာဉ်တန်းကြီးသည် ဩဂုတ် ၃၁ရက်က မြို့တော်ပေကျင်းသို့ ဦးတည်ထွက်ခွာသွားသော ကျောက်မီးသွေးတင် ယာဉ်တန်းကြီးကြောင့် ပိတ်ဆို့မှု ဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သော တစ်ပတ်ကလည်း ကီလိုမီတာ ၁၀၀ ခန့် ရှည်လျားသည့် ယာဉ်တန်းကြီး ပေကျင်းမြို့အနီး၌ ကိုးရက်ကြာ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ခဲ့ရကြောင်း သိရသည်။

ယခုဖြစ်ပေါ်သည့် ယာဉ်ကြောပိတ်ဆို့မှုမှ ယင်းယာဉ်တန်းကြီးသည် မြို့တော်ပေကျင်းမှ အတွင်းမွန်ဂိုလီးယား အရှေ့မြောက်ပိုင်းအထိ သွယ်တန်းရှည်လျားကြောင်း ရုပ်မြင်သံကြားသတင်းထောက်တစ်ဦးက ပြောကြားသည်။ **(အောက်ပုံ) (အင်တာနက်)**

မက္ကဆီကိုတွင် မူးယစ်ဆေးဝါး စစ်ဆင်ရေးဆင်နွှဲ

မွန်တာရေး(မက္ကဆီကို) စက်တင်ဘာ ၃

မက္ကဆီကို တပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါး ဂိုဏ်းသားများ အမေရိကန်နယ်စပ် မက္ကဆီကိုပြည်နယ်တစ်ခုအတွင်း စက်တင်ဘာ ၂ရက်ညပိုင်းက တိုက်ပွဲဖြစ်ပွားခဲ့ရာ မူးယစ်ဆေးဝါးဂိုဏ်းသား အနည်းဆုံး ၂၅ဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သိမ်းဆည်းနိုင်ခဲ့

မက္ကဆီကို အစိုးရစစ်ရဟတ်ယာဉ်တစ်စင်းက ကာမာလီပတ်ပြည်နယ် စီဒက်မီယာမြို့ရှိ မူးယစ်ဆေးဝါးဂိုဏ်းသားများ နေထိုင်သည့်နေအိမ်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ မြေပြင်တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးဂိုဏ်းသားများ၏ နေအိမ်ကို ဝင်ရောက်စီးနင်းရာမှ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မက္ကဆီကိုတပ်ဖွဲ့ဝင်များက ၄င်းစစ်ဆင်ရေးအတွင်း ရိုင်ဖယ်သေနတ် ၂၅လက်၊ လက်ပစ်ဗုံးလေးလုံး၊ ခဲယမ်းတောင့် ၄၂၀၀နှင့် ယာဉ် ၂၃စီးတို့ကို သိမ်းဆည်းနိုင်ခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ကိုလံဘီယာတွင် လမ်းဘေးဗုံးပေါက်ကွဲ ၁၄ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ဘိုဂိုတာ စက်တင်ဘာ ၃

ကိုလံဘီယာနိုင်ငံတွင် လက်ဝဲသူပုန်များ ကြီးစိုးရာဒေသတွင် ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်ယာဉ်များဖြင့် ကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၄ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဗုံးသည် ဩဂုတ် ၂ ရက် ညနေပိုင်းက ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ယာဉ်ပေါ်တွင် ရဲတပ်ဖွဲ့ဝင် ၁၇ဦး လိုက်ပါလာကြောင်း သိရသည်။ ယခုနှစ် ပထမရှစ်လအတွင်း လက်ဝဲသူပုန်များနှင့် ရဲတပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၂၁ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

နောက်ဆုံးရနိုင်ငံတကာသတင်းများ

➢ အာကာကျော်-စုစည်းသည် ➢

တာဂျစ်ကစ္စတန်၌ အသေခံဗုံးခွဲ၊ ၂၅ဦး ဒဏ်ရာရ

ဒူရှန်ဘီ(တာဂျစ်ကစ္စတန်) စက်တင်ဘာ ၃

တာဂျစ်ကစ္စတန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ခူဂျန်းမြို့၌ စက်တင်ဘာ ၃ ရက် နံနက် ဧနာရီက အသေခံကားဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ လူ ၂၅ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရဲစခန်းတစ်ခုအတွင်းမှ ကားတစ်စီးထွက်လာစဉ် အသေခံဗုံးခွဲသူ၏ကားက အဆိုပါကားကို ပစ်မှတ်ထားပြီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ ဗုံးပေါက်ကွဲ၊ သေဆုံးသူအနည်းဆုံး၄၀ရှိ

ကွက်တာ စက်တင်ဘာ ၃

ပါကစ္စတန်နိုင်ငံ ကွက်တာမြို့အနောက်တောင်ပိုင်း၌ စက်တင်ဘာ ၃ ရက်က အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၄၀သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***(အောက်ပုံ)***

ဗုံးသုံးလုံးပေါက်ကွဲ

ယင်းဗုံးပေါက်ကွဲမှုကြောင့် ၁၀၀ကျော် ဒဏ်ရာရရှိသွားကြောင်း၊ ဗုံးမှာ ဒေသစံတော်ချိန် ၃နာရီ ၅မိနစ်က ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အသေခံဗုံးခွဲတိုက်ခိုက်သူသည် ထိုမြို့၏ မီဇန်ချောကွင်းပြင်တွင် ပါလက်စတိုင်းပြည်သူများအရေးနှင့် စပ်လျဉ်း၍ လူထုအစည်းအဝေးပြုလုပ်နေစဉ် လူအုပ်အတွင်း ဝင်ရောက်အသေခံဗုံးခွဲခဲ့ခြင်းဖြစ်ကြောင်း၊ လူစုလူဝေးတွင် လူ ၂၅၀၀ခန့်ရှိကြောင်း၊ ၎င်းဗုံးပေါက်ကွဲမှုမှာ ယခုသီတင်းပတ်အတွင်း ဒုတိယအကြိမ်ဖြစ်ကြောင်း၊ စက်တင်ဘာ ၁ ရက်က လာဟိုးမြို့ ဗုံးသုံးလုံးပေါက်ကွဲမှုတွင် လူ ၃၀သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

စပါးကြီးမြွေထည့်သည့်အိတ် ပွင့်ကျရာမှ မြွေမှောင်ခိုသူကိုဖမ်း

ကွာလာလမ်ပူ စက်တင်ဘာ ၃

မလေးရှားနိုင်ငံသားတစ်ဦးသည် ကွာလာလမ်ပူလေဆိပ်တွင် ခရီးဆောင်အိတ် ပွင့်ကျရာမှ စပါးကြီးမြွေ ၉၅ကောင် ထွက်လာသဖြင့် မှောင်ခိုရောင်းဝယ်မှုအပြစ်ရှိကြောင်း ဝန်ခံဖြေဆိုချက်ပေးလိုက်ရသည်ဟု တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၃ ရက်တွင် ပြောကြားသည်။ အသက် ၅၂ နှစ်ရှိ ကန်လုန်ဝမ်မန်ဆိုသော ထိုပုဂ္ဂိုလ်သည် ယခင်က အမေရိကန်သို့ တောရိုင်းတိရစ္ဆာန်များ မှောင်ခိုရောင်းဝယ်မှုဖြင့် တရားစွဲဆိုခံထားရသူဖြစ်သည်။ ၎င်းသည် ကွာလာလမ်ပူလေဆိပ်၌ စပါးကြီးမြွေများမှောင်ခိုမှုဖြင့် စက်တင်ဘာ ၁ ရက်က ခရိုင်တရားရုံးတစ်ရုံး၌ အမှုနှင့်ရင်ဆိုင်ခဲ့ရကြောင်း၊ ၎င်းသည် ဥပဒေခွင့်ပြုချက်မရဘဲမြွေများကို မှောင်ခိုတင်သွင်းခဲ့ကြောင်း မလေးရှားတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဦးစီးဌာနက ပြောကြားသည်။ ၎င်းသည် ဥပဒေအရ ထောင်ဒဏ် ခုနစ်နှစ် အနည်းဆုံး ကျခံရဖွယ်ရှိသည်။

(အင်တာနက်)

နီပေါနှင့် အိန္ဒိယနယ်စပ်၌ ရွှေချောင်းများ ဖမ်းမိ

ခတ္တမန္ဒူ စက်တင်ဘာ ၃

နီပေါနိုင်ငံအတွင်းသို့ အိန္ဒိယနယ်စပ်မှ မှောင်ခိုတင်သွင်းလာသည့် ရွှေချောင်းများကို နီပေါရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း စက်တင်ဘာ ၃ ရက်က နေ့စဉ်ထုတ် နီပေါသတင်းစာတွင် ဖော်ပြသည်။

ပြောကြား

ရဲတပ်ဖွဲ့က ဘာဂျန်မြို့မှ နီပေါနိုင်ငံအတွင်း ဝင်လာသည့် ဆန့်တိုကားတစ်စီးကို စစ်ဆေးစဉ် ရွှေချောင်းများ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ ကားအတွင်း ရွှေ ၄ဒသမ ၂၉၉ကီလိုတွေ့ရှိရကြောင်း၊ တန်ဖိုး အားဖြင့် နီပေါရူပီး ၁၃သန်း (အမေရိကန်ဒေါ်လာ၁၇၆၅၇၅) ဒေါ်လာဖိုးရှိကြောင်း၊ ပိုင်ရှင်မှာ ဒေသခံတစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

(ယာပုံ) အမ်အင်န်အေ၊ဆင်ဟွာ

အရှေ့အလယ်ပိုင်းနှင့် အီရတ်အရေးမျှော်လင့်ချက် ရောင်ခြည်ပေးပြီ
အာဖဂန်တို့၏ အနာဂတ်အရေး မျှော်တွေးလို့မရနိုင်သေး

တိုး ➢ ရေးသားသည်

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ ဝါရှင်တန်မြို့၌ စက်တင်ဘာ ၂ရက်က စတင်ကာတိုက်ရိုက်ဆွေးနွေးပွဲ ပြန်လည်ပြုလုပ်လျက်ရှိသည်။ ထို့ပြင် အီရတ်ရှိ အမေရိကန် တိုက်ခိုက်ရေးတပ်များကိုလည်း ဩဂုတ် ၃၁ရက်က ရုပ်သိမ်းပေးလိုက်သည်။

အာဖဂန်နိုင်ငံအတွင်း တိုက်ပွဲတစ်နေရာ....။

ထိုသို့ အရှေ့အလယ်ပိုင်းနှင့် အီရတ်အရေးများတွင် လှုပ်လှုပ်ရှားရှားဖြင့် အနာဂတ်အရေး စိတ်ကူးယဉ်မျှော်တွေး၍ရနေချိန်၊ မျှော်လင့်ချက်ရောင်ခြည်သန်းနေချိန်တွင် အာဖဂန်၏ အနာဂတ်အရေးသည် မည်သို့ရှိမည်နည်း။ ယခုအတိုင်း အာဖဂန်တို့၏ အနာဂတ်အရေးမှာ မျှော်တွေး၍ မရနိုင်သေးဘဲ အတိုက်အခိုက်အကွဲအပြဲများနှင့်သာ ပြည်သူများ ရင်ဆိုင်နေရဆဲဖြစ်သည်။

အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင်များကိုမူ လောလောဆယ် ရုပ်သိမ်းပေးရန် ရည်ရွယ်ပုံမရပေ။ နေမြဲအတိုင်းထားခြင်း ပေလော။

ဖိအားပေး

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် အကြမ်းဖက်သမားများက ကမ္ဘာ့ကုန်သွယ်ရေးဌာနတည်ရှိရာ နယူးယောက်မြို့ အပါအဝင် အမေရိကန်မြို့ကြီးများကို အကြမ်းဖက် တိုက်ခိုက်ပြီးနောက် အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံကို ၂၀၀၁ခုနှစ် အောက်တိုဘာ ၇ရက်တွင် ကျူးကျော်ခဲ့သည်။ ထိုနှစ် ဒီဇင်ဘာလ ပထမပတ်အတွင်းတွင် တာလီဘန်အစိုးရပြုတ်ကျသည်။ အမေရိကန်တို့ ပိုက်စိတ်တိုက် ရှာဖွေသည့်ကြားမှာပင် တာလီဘန်ခေါင်းဆောင် မူလာအိုမာနှင့် ထိပ်တန်းခေါင်းဆောင်များသည် အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင်ဘင်လာဒင်နှင့်အတူ လွတ်မြောက်သွားခဲ့သည်။ ယင်းနောက် အိုမာတို့လူစုသည် ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် ပြန်လည်လူစု

တိုက်ခိုက်ပေးခဲ့သည်။

အများဆုံးပါဝင်

အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံခြားတပ်ဖွဲ့ဝင်များတွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်သိန်းကျော်ဖြင့် အများဆုံးပါဝင်ခြင်း ဖြစ်သည်။ ကျန်တပ်ဖွဲ့ဝင်များမှာ ကနေဒါ၊ ဩစတြေးလျ၊ ဂျော်ဒန်၊ နယူးဇီလန်၊ ဗြိတိန်အပါအဝင် အခြားနိုင်ငံ ၄၀ကျော်မှတပ်ဖွဲ့ဝင်များဖြစ်ကြသည်။ ၎င်းတို့ထဲတွင် ဗြိတိန်မှ အများဆုံးပါဝင်သည်။

ဆိုးရွား

တိုက်ပွဲအများစုမှာ အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်မှုများမှာ ၂၀၀၁ခုနှစ် ကစ၍ ဆိုးရွားမြဲ ဆိုးရွားနေပြီး ၂၀၀၉ခုနှစ်မှာ အသေအပျောက် အများဆုံးဖြစ်လာသည်။ ၂၀၁၀ခုနှစ်တွင်လည်း အကြမ်းဖက်မှု စံချိန်တင်မည့် လက္ခဏာရှိသည်။

တင်းမာ

တိုက်ပွဲများအရှိန်မြင့်လာသည်နှင့်အမျှ အရပ်သားများသေဆုံးဒဏ်ရာရမှု များပြားလာရာတွင် အာဖဂန်သမ္မတကာဇိုင်းနှင့် အနောက်အုပ်စုအကြား ဆက်ဆံရေး တင်းမာလာစေခဲ့သည်။

မြေစာပင်

အမေရိကန်ခေါင်းဆောင်သော နေတိုးတပ်ဖွဲ့နှင့် အကြမ်းဖက်သမားများအကြား နေ့စဉ်ရက်ဆက်ဆိုသလို တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ အာဖဂန်၌ မိုင်းထောင်၊ ဗုံးခွဲသည်ကလည်း ရက်ဆက်၊ သေကျေရသည်မှာလည်း တစ်နေ့တစ်နေ့ မနည်း၊ နေတိုးနှင့် အကြမ်းဖက်သူတို့အကြား မြေစာပင်ဖြစ်ကြသူတို့ကား ဒေသခံပြည်သူများ။

သေဆုံး

အာဖဂန်တွင် ယခုနှစ် ဇူလိုင် ၂၃ရက်မှ ဩဂုတ် ၂၂ရက်အထိ တစ်လအတွင်း နေတိုးတပ်ဖွဲ့နှင့် အကြမ်းဖက်သမားတို့အကြား တိုက်ပွဲကြောင့် လူပေါင်း ၉၇၁ဦး သေဆုံးခဲ့ရသည်။ ၎င်းတို့အထဲတွင် အပြစ်မဲ့ပြည်သူ ၂၂၉ဦးပါဝင်ကြောင်း အာဖဂန်ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။ ဤသို့ ဤနှယ် အမေရိကန်၊ နေတိုးနှင့်တာလီဘန် အကြမ်းဖက်သမားတို့၏ တိုက်ပွဲများ

အာဖဂန်နစ္စတန်နိုင်ငံ

အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရသည့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း မြင်ကွင်း....။

သည်။ သို့သော် ပါကစ္စတန်စစ်တပ်နှင့် အမေရိကန်ပါဝင်မည့် နေတိုးတပ်ဖွဲ့တို့က ၎င်းတို့အား ယခုအခါ ဖိအားပေးလျက်ရှိသည်။

ခြိမ်းခြောက်

များမကြာမီ နှစ်များအတွင်းတွင် တာလီဘန်သူပုန်တို့သည် အာဖဂန်နစ္စတန်နိုင်ငံ၌ တိုက်ခိုက်ရေးအင်အားစုတစ်ရပ်အဖြစ် ပြန်လည်ခေါင်းထောင်လာပြီး အာဖဂန်အစိုးရကို အကြီးအကျယ် ခြိမ်းခြောက်လာသည်။

ထပ်မံပေးပို့

နေတိုးအဖွဲ့ဝင် အခြားနိုင်ငံများမှတပ်အချို့နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀တို့ကို အာဖဂန်နစ္စတန်နိုင်ငံသို့ ပြီးခဲ့သည့်လက ထပ်မံပေးပို့လိုက်ခြင်းဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုအခါ နိုင်ငံခြားတပ်ဖွဲ့ဝင်အင်အား ၁၅၀၀၀၀အထိရှိလာသည်။ နိုင်ငံခြားတပ်ဖွဲ့ဝင်များကို အမေရိကန်နှင့် နေတိုးလက်အောက်တွင်ထားရှိပြီး အာဖဂန်အစိုးရ၏ တာလီဘန်သူပုန်နှိမ်နင်းရေးတွင် ကူညီ

အကြား၊ ဗုံးထောင်မိုင်းခွဲသူတို့အကြား အပြစ်မဲ့ပြည်သူတို့၏ သေဆုံးမှုသည်ကား အနာဂတ်တွင် မည်မျှရှိနေဦးမည်မသိ။

မျှော်လင့်ချက်ရောင်ခြည်

ယခုအချိန်တွင် အရှေ့အလယ်ပိုင်းနှင့် အီရတ်အရေးကိုတော့ မျှော်လင့်ချက်ရောင်ခြည် ပေးနေပြီ။ သို့သော် အာဖဂန်နိုင်ငံ၏ အနာဂတ်အရေးနှင့် အာဖဂန်ပြည်သူတို့၏ ရှေ့ရေးသည်ကား မျှော်တွေး၍ပင် ရနိုင်ဖွယ်မရှိသေးဟု ဆိုရမည်လား....။ ။

(အင်တာနက်)

မိတ္ထီလာ၊ သာစည်ဒေသ ရေရရှိရေး ဆောင်ရွက်နေမှု လယ်/ဆည် ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဩဂုတ် ၃၀ရက် ညနေ ၄နာရီခွဲက သာစည်မြို့နယ် ပျော့ရွာအနီးရှိ လယ်သမားကြီး ဦးဝင်းအောင်၏ လယ်မြေ၌ တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီးနောက် စက်ရေတွင်းတူးဖော်မှုနှင့် ရေရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မိတ္ထီလာ၊ သာစည်ဒေသ မြေအောက်ရေဖြင့် စိုက်ပျိုးရေရရှိရေး စီမံကိန်းတွင် စက်ရေတွင်းများ တူးဖော်လျက်ရှိရာ တူးဖော်ရန်လျာထားသည့် စက်ရေတွင်းပေါင်း ၈၀၀အနက် ယခုအခါ စက်ရေတွင်းပေါင်း ၄၁၁တွင်း တူးဖော်ပြီးဖြစ်သည်။ ဆက်လက်၍လည်း စက်ရေတွင်းများကို တူးဖော်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပျော့ရွာဝန်းကျင်၌ တူးဖော်ပြီး စက်ရေတွင်းများနှင့် စက်ရေတွင်းများမှ ရေထွက်ရှိမှု၊ ငွေချည်(၆)ချည်မျှင် ရှည်ဝါခင်းများ ဖြည့်စွက်ရေပေးသွင်းမှုနှင့် ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ပျော်ဘွယ်မြို့နယ်စည်ပင်သာကျေးရွာ၌ တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အပေါ်ယာပုံ)**

နတ်ကာရေလှောင်တမံ

ထို့နောက် ဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနကတည်ဆောက်ရန်လျာထားသည့် နတ်ကာရေလှောင်တမံ တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

ပိုမိုတိုးမြှင့်

နတ်ကာရေလှောင်တမံသည် နတ်ကာချောင်းပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး တမံအလျား ၃၄၂၅ ပေ၊ တမံအမြင့် ၈၅ပေရှိမည်ဖြစ်ကာ စီးဝင်ရေ ဧကပေ ၈၅၂၀ ရှိသည်။ အကျိုးပြုဧကမှာ ၁၂၀၀ ဖြစ်ပြီး နတ်ကာရေလှောင်တမံမှ ပိုလျှံသည့်ရေများကို ယင်းတော်ကန်သို့ ရေကူပေးခြင်းဖြင့် ယင်းတော်ရေလှောင်တမံ၏ ရေသောက်ဧရိယာကို ပိုမိုတိုးမြှင့် ရေကူပေးနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကျောက်ကြီး၌ ဖွင့်လှစ်

ကျောက်ကြီး စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ညောင်ပင်သာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက်က ညောင်ပင်သာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က အမှာစကားပြောကြားပြီး မြို့နယ် လက်ထောက်ပညာရေးမှူး ဦးသိန်းထွန်းက အောင်ချက်မြင့်မားရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး မှာကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ညောင်ပင်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကို မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်လက်ထောက် ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ဝဲပုံ)(မြို့နယ် ပြန်/ဆက်)**

သစ်ပင်များ စုပေါင်းစိုက်ပျိုးပွဲ စစ်တွေ-ရသေ့တောင်ကားလမ်းဘေး၌ကျင်းပ

ရသေ့တောင် စက်တင်ဘာ ၃

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီက စစ်တွေ-ရသေ့တောင် ကားလမ်းဘေးဝဲယာ မိုင်တိုင် အမှတ် ၂၆/၀ မှ ၂၈/၀ အတွင်း ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်သော်၊ မြို့နယ်သစ်တော ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ တောအုပ်ကြီး ဦးထွန်းဇော်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်စိုက်ပျိုးကြသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ပျဉ်းကတိုးပင်ကို စတင် စိုက်ပျိုးပေးပြီး သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ယူကလစ်ပင် ၅၀၀၊ ရှားပင် ၄၀၀နှင့် ပျဉ်းကတိုးပင် ၂၀၀ စုစုပေါင်းပျိုးပင် ၁၁၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(သစ်တောဦးစီးဌာန)**

မြန်မာအမျိုးသမီးများ၏ ကဏ္ဍစုံ ခေတ်ပြိုင်အနုပညာ လက်ရာများ ပြသလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၃

Blue Wind အနုပညာမှ မြန်မာအမျိုးသမီးများ၏ ကဏ္ဍစုံ ခေတ်ပြိုင်အနုပညာလက်ရာများပြပွဲကို စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အမှတ်(၇) မဟာစည်ရိပ်သာလမ်း ရန်ကုန်မြို့ရှိ တကောင်းအနုပညာပြခန်း၌ ခင်းကျင်းပြသလျက်ရှိရာ အနုပညာ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၅-၉-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော်
(ခန္ဓသုတ် + ဂုဏ်တော်ကွန်ချာ)
ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ဘဝအသွင်ကဗျာ့အမြင် (စာသင်ကျောင်းကခေါင်းလောင်းသံ)
၈:၃၅ တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (အလေးမခြင်းရဲ့ ကောင်းကျိုးများ)
၁၀:၄၀ တေးစီးရီး
(တနင်္ဂနွေ မိုးရေစက်များ-မိုးမိုး)
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ဆိုကြပျော်ရွှင် တေးသံစဉ်
၁၂:၀၀ စံတော်ချိန်
ကလေးအစီအစဉ် (ကလေးများအတွက် ပုံပြင်-ပန်းရည်စုပ်ငှက်များ)
၁၂:၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (လွမ်းလျက်ရှိနေ အမိတက္ကသိုလ်မြေ)
နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
၁။ သုံးပုံစကား သိမှတ်ဖွယ်ရာ ပဒေသာများ-၁ (ဆရာတော်အရှင်ဝါယမ)
၂။ သိရန် မှတ်ရန် လေ့လာရန် နဝမတွဲ (ဆရာဦးသိန်းလွင်)
၁၂:၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ သိလိုသမျှမေး ကျန်းမာရေး
၁၃:၂၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၇:၃၅ ဂန္ထဝင်ရှင်ခုနစ်သံ (၁၂)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈:၃၀ သုတစုံကြွယ် သိစေဖွယ်
(သူများပျော်လို့ မပျော်နိုင်)
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ Talk on Line (ယုဇန)
နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (ဇော်ဝင်းနိုင်)
စီးပွားရေးဦးတည်ချက်
၂၀:၄၀ လယ်ယာစီးပွား (ချဉ်ပေါင်လျှော်တိုးချဲ့စိုက်ပျိုးရေး)
၂၀:၅၀ တေးပဒေသာ
လူမှုရေးဦးတည်ချက်
၂၁:၀၀ ရင်တွင်းခံစားတေးသီချင်းများ (သင်းသင်းခိုင်)
၂၁:၁၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၃၀ ခေတ်မရွေးသောတေး

တာမွေမြို့နယ် (၁၆၄)လမ်း အမှတ် ၅၁နေ မောင်အာကာကောင်းထက်၏ (၃)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ညောင်ဦးမြို့နယ် ထရိုင်းတောကျေးရွာ စက်ရေတွင်းမှ ရေစမ်းသပ်ထုတ်လုပ်မှုကို ဩဂုတ် ၁၈ ရက်က ခရိုင်ဥက္ကဋ္ဌ ဦးရန်လင်းအောင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အလိမ္မာ စာမှာရှိ

ဘုတလင်၌ စာကြည့်တိုက် ပန္နက်တင်ပွဲကျင်းပ

ဘုတလင် စက်တင်ဘာ ၃

မုံရွာခရိုင် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာ ပန်းမြတ်တော်ဝင်စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံမြေနေရာ၌ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ဝင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်ဇော်ထူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဦးနှင့် ဦးကျော်မျိုးနိုင်တို့က ပန္နက်တင် ဆောင်ရွက်ပေးကြသည်။

(မြို့နယ်ပြန်/ဆက်)

ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ
ဒုတိယဝန်ကြီး ဒေါက်တာမြဦး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၂၉ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)အတွင်း ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ပုတီးကုန်းပြည်သူ့ဆေးရုံ၌ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ပေးအပ်

ထို့နောက် ဆေးရုံ၏အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဆင်မြီးဆွဲတိုက်နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံ၏ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ အစည်းအဝေးခန်းမ၌ တိုက်နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်သည်။ ယင်းနောက် သဲကုန်းပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျေးလက်နေ ပြည်သူများ အတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း မိုင်းရယ်မြို့နယ်၌ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၃

လားရှိုးခရိုင် မိုင်းရယ်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၃၀ရက် နံနက် ၈နာရီခွဲက မိုင်းရယ်ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအာကာစိုးက အမှာစကား ပြောကြားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသိန်းအောင်က သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သရုပ်ပြ

အဆိုပါသင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများဖြစ်သော ရပ်ကွက် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တို့၏ တာဝန်များနှင့် မဲရုံတွင် မဲပေးပုံအဆင့်ဆင့်တို့ကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးနန္ဒာအောင်၊ မြို့နယ်စာရင်းစစ် အရာရှိ ဦးအေးကို၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တို့က လက်တွေ့သရုပ်ပြ ရှင်းလင်း ပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းသို့ရပ်ကွက်၊ ကျေးရွာ အုပ်စု၂၈အုပ်စုမှ သင်တန်းသား သင်တန်းသူ ၃၇၅ဦး တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ
လှိုင်သာယာမြို့နယ် အလယ်ကျေးရွာ၌ကျင်းပ

လှိုင်သာယာ စက်တင်ဘာ ၃

လှိုင်သာယာမြို့နယ် အလယ်ကျေးရွာရှိ သုတရိပ်မြုံစာကြည့်တိုက် အဆောက်အအုံ သစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါ စာကြည့်တိုက်၌ ဩဂုတ် ၂၂ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစန်းအေး နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စံ(၅)ရပ်အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် စုစုပေါင်းငွေကျပ် လေးသိန်း ရှစ်သောင်းတန်ဖိုးရှိ ၂၁လက်မ တီဗွီ တစ်လုံး၊ ရေဒီယိုတစ်လုံးနှင့် စာအုပ် စာစောင်များကို အလှူရှင်များက လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ ဆက်လက်ပြီး ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများက အဆောက် အအုံနှင့် နံရံကပ် ဓာတ်ပုံ၊ ပိုစတာများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ
စဥ့်ကူးမြို့၌ ကျင်းပ

စဥ့်ကူး စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့ မြို့သစ် ၄လမ်းတွင် တတိယအကြိမ် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၂၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့်အဖွဲ့များက ဌာနဆိုင်ရာများအား ပျိုးပင်များဝေငှပေးသည်။ **(အောက်ပုံ)** ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများက မြို့သစ် ၄လမ်း ဘေးဝဲယာ တစ်လျှောက် အရိပ်ရပင်နှင့် ပန်းအလှပင် ၈၀၀ကျော်ကို စိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တန်း၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ကျောက်တန်း စက်တင်ဘာ ၃

ကျောက်တန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ က ကြီးမှူးကျင်းပသည့် မဲရုံမှူးနှင့် ဒုတိယ မဲရုံမှူးများ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက် နံနက် ၉ နာရီက အလက (မြို့မ) ရွှေသံလွင်ခန်းမ၌ ကျင်းပရာ ရန်ကုန် တောင်ပိုင်းခရိုင် ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ကျောက်တန်းမြို့နယ်တာဝန်ခံ ဦးချစ်ဆွေက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

သရုပ်ပြ

ထို့နောက် ကျောက်တန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးမြင့်က ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သန်းသန်းဌေးက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းညွှန်ကြားချက်များကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးပို့ချပြီး မြို့နယ် ကော်မရှင်အဖွဲ့ဝင် ဦးသောင်းဝင်းက ဆန္ဒမဲ ပေးပုံ သရုပ်ပြခြင်းကို ဗွီစီဒီဖြင့် ပြသ ရှင်းလင်းသည်။

အဆိုပါသင်တန်းသို့ ခရိုင်ကော်မရှင် အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ ဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ များ၊ မဲရုံမှူးနှင့်ဒုတိယမဲရုံမှူး ၃၇၀ တက်ရောက်ခဲ့ကြသည်။ **(၁၁၅)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ရွှေဘို၌ ကျင်းပ

ရွှေဘို စက်တင်ဘာ ၃

ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက် သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက် သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၉နာရီခွဲက ရွှေဘိုမြို့ရှိ ရန်ကြီးအောင်ခန်းမ၌ ကျင်းပ သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေး ဥက္ကဋ္ဌ ဒေါ်ရွှေစည်က အမှာစကား ပြောကြားပြီး သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ အေးအေးသစ်က မိခင်နို့စနစ်တကျတိုက်ကျွေးရေးအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ မာလာတင်က အာဟာရဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ စံပြမိခင်ဆုရ မိခင်များနှင့် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ယင်းနောက် ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက် ကလေးများကို ဗီတာမင်ဆေးများ တိုက်ကျွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ် စာပေ လူ့မိတ်ဆွေ

ဆုချီးမြှင့်

၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို အထက (၂) ပုသိမ်၌ ဩဂုတ် ၂၉ ရက်က ကျင်းပရာ ဘာသာစုံဂုဏ်ထူးရှင် မောင်သော်ဇင်ထွန်းအား ကျောင်းအုပ် ဆရာကြီး ဦးချစ်လွင်နှင့် ကျောင်း အကျိုးတော်ဆောင်အဖွဲ့မှ ဦးလှ သိန်းထွန်းတို့က ဆုချီးမြှင့်ကြစဉ်။

(၁၅၇)

မာန်အောင် မြို့နယ်အသင်း တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေး ချီးမြှင့်မည်

မာန်အောင် စက်တင်ဘာ ၃

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ကာ ဆေးတက္ကသိုလ် အပါအဝင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ် တစ်ခုခုသို့ ဝင်ခွင့်ရပြီး အမှန်တကယ် အခက်အခဲရှိသူများအား မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)မှ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပေး မည်ဖြစ်ရာ လျှောက်ထားလိုသူများအနေဖြင့် မာန်အောင်မြို့နယ်အသင်း ရာသက်ပန်အသင်းဝင်များ၏ သားသမီးများဖြစ်ရန်လိုအပ်ကြောင်း၊ မာန်အောင်မြို့နယ်အသင်းဝင်သားသမီးများမဟုတ်သော်လည်း မာန်အောင်ဇာတိဖွား မိဘနှစ်ပါးမှ မွေးဖွားသော ထူးချွန် ထက်မြက် သူများလည်း လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များ သိလိုပါက ဦးအုန်းမြင့် ဥက္ကဋ္ဌ ဖုန်း- ၅၆၁၇၈၀၊ ဦးရွှေဘ (အတွင်းရေးမှူး) ဖုန်း- ၅၀၁၈၀၀၊ ဒေါ်သီသီအောင် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၅၅၇၅၇၊ ဦးအောင်သန်း (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၂၅၉၁၆၊ ဦးထွန်းရှင် (စည်းရုံးရေးမှူး) ဖုန်း-၃၈၆၉၇၃ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(မြို့နယ်အသင်း)

❒ *ရှေ့ဖုံးမှ*

ထိုမှ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာ ၂၁၄၆ပေအမြင့်မှ တံခွန်သုံးသွယ် ခွဲထွက်ကာ ပွန်ချောင်းအတွင်းမှ သံလွင်မြစ်ထဲ စီးဝင်သွားခဲ့သည်။

ထုတ်လုပ်ပေးနိုင်

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၁၆၈ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သော စက်ရုံဖြစ်သည်။ အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ထက်ပင်စောစွာ ၁၉၆၀ပြည့်နှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၈ မဂ္ဂါဝပ် ထုတ်နိုင်သော အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၁၉၉၂ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုတစ်ဖန် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အကောင်အထည်ဖော်မှုကြောင့် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ် စီမံကိန်းကြီးသည်ကား အထင်းသား ပေါ်ပေါက်လာပေပြီ။

ခရီးဆက်ခဲ့

အတွေးတို့ ဖြန့်ကြက်နေစဉ်မှာပင် လာကြိုသည့်ကား ရောက်လာသည်နှင့် မဆိုင်းမတွပ် ခရီးဆက်ခဲ့သည်။ မကြာမီ စီမံကိန်းနယ်မြေသို့ ရောက်ခဲ့သည်။

တည်နေရာ

တည်နေရာမှာ လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် ၁၆မိုင်အကွာ လောပိတကျေးရွာအနီး ဘီလူးချောင်းနှင့် ပွန်ချောင်းဆုံရာ ရပ်ဝန်းဖြစ်သည်။

အပေါ်နံရံတည်ဆောက်

ပင်မရေသွယ်ဥမင်လိုဏ်၏ အတွင်းပိုင်း အပေါ်နံရံ တည်ဆောက်ခြင်းကို ဤသို့ တွေ့မြင်ခဲ့ရသည်။

လက်ထောက်မန်နေဂျာ ဦးရန်နိုင်စောက ခရီးဦးကြိုပြုရင်း စီမံကိန်းဒါရိုက်တာ ခရီးသွားနေသည့်အတွက် ဒုတိယစီမံကိန်းဒါရိုက်တာ ဦးသိန်းထွန်းနှင့် မိတ်ဆက်ပေးသည်။

"ကျွန်တော်တို့ ဒီဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနနဲ့ တိုင်းရင်းသားလုပ်ငန်းရှင် Future Energy Co., Ltd. ရဲ့ ညီနောင်ဖြစ်တဲ့ High Tech Concrete Technology Co., Ltd. တို့ ပူးပေါင်းအကောင်အထည်ဖော်ပြီး B.O.T စနစ်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

အဓိကလုပ်ငန်းကြီး

ဆက်လက်၍ "ဒီစီမံကိန်းမှာ အဓိကလုပ်ငန်းကြီး ခြောက်ရပ်ရှိပါတယ်။ တစ်အချက်က အကြိုအင်ဂျင်နီယာလုပ်ငန်း၊ နှစ်အချက်က ရေသွယ်ဥမင်လိုဏ်ဖောက်ခြင်း၊ အဲဒီမှာ (က) ပင်မဥမင်လိုဏ်ဖောက်ခြင်း၊ (ခ) ချဉ်းကပ်ဥမင်လိုဏ် အမှတ် (၂) ဖောက်ခြင်း၊ (ဂ) ချဉ်းကပ်-ဥမင်လိုဏ် အမှတ်(၄) ဖောက်ခြင်းလုပ်ငန်းများရှိပြီး သုံးအချက်က ရေလွှဲဆည် တည်ဆောက်ခြင်း၊ လေးအချက်က ရေထိန်းကန်၊ ရေပိုလွှဲနှင့် ရေလွှဲမြောင်း တည်ဆောက်ခြင်း၊ ငါးအချက်က ဖိအားမြှင့်ပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ခြောက်အချက်က Switchyard နှင့် Transmission Line တည်ဆောက်ခြင်းတို့ပဲ ဖြစ်ပါတယ်" ဟု အကျယ်တဝင့် ရှင်းပြသည်။

ပင်မရေသွယ်ဥမင်လိုဏ်၏ အတွင်းပိုင်း တစ်နေရာ။

ရေထိန်းကန်လုပ်ငန်း

ရေထိန်းကန်လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်း ဤသို့ တွေ့မြင်ခဲ့ရသည်။

စီမံကိန်းအမျိုးအစားမှာ ရေလွှဲဆည်၊ ရေသွယ်ဥမင်လိုဏ်စနစ်ဖြစ်သည်။ ဘီလူးချောင်းမှ ရေကိုရယူကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြစ်သည်။ လုပ်ငန်းပမာဏမှာ အလွန်ကြီးမားလှကြောင်း တွေ့ရသည်။

နေ့ဆိုင်း၊ ညဆိုင်း

မြန်မာပညာရှင် အင်ဂျင်နီယာ ၄၄ဦး အပါအဝင် ဝန်ထမ်းအင်အားများစွာဖြင့် နေ့ဆိုင်း၊ ညဆိုင်းထားကာ မနားတမ်း တည်ဆောက်နေခြင်းဖြစ်သည်။

ကားတစ်စီးဖြင့် လုပ်ငန်းခွင်အတွင်း လေ့လာခွင့်ရခဲ့ရာ ကျောက်ခွဲစက်၊ ဘီလပ်မြေဖျော်စက်ကြီးများအကြား မြေသယ်၊ ကျောက်ပို့ကားကြီးများက လွန်းထိုးကာ လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ ဒေသခံလုပ်သားတို့က တာဝန်ကိုယ်စီဖြင့် ပျားပန်းခပ်မျှ ဆောင်ရွက်နေကြသည်။

ရာခိုင်နှုန်းပြည့်ပြီးစီး

အကြိုအင်ဂျင်နီယာလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ ရေသွယ်ဥမင်လိုဏ် ဖောက်ခြင်းလုပ်ငန်းတွင် ပင်မဥမင်လိုဏ်မှာ မီတာ ၄၃၀၀၊ ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၂)မှာ မီတာ ၁၀၀၊ ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၄)မှာ မီတာ ၂၂၀ ရှိကြောင်း သိရသည်။

ထိုမှ စာရေးသူတို့ ကြီးမားကျယ်ဝန်းသော လိုဏ်အတွင်းသို့ ဝင်ခဲ့ကြသည်။ ဒုတိယ စီမံကိန်းဒါရိုက်တာ ဦးသိန်းထွန်းက "ဒါက ပင်မရေသွယ်ဥမင်လိုဏ်ပါ၊ လုပ်ငန်းပမာဏ ၇၂၂မီတာ ပြီးစီးနေပါပြီ၊ အမှတ်(၂)နဲ့ (၄)ကတော့ ရာနှုန်းပြည့် ပြီးနေပါပြီ" ဟု လမ်းတစ်လျှောက် ရှင်းပြသည်။

တိုင်းတာစစ်ဆေး

လိုဏ်အပေါ် နံရံတစ်လျှောက် အောက်ဆီဂျင် လေသွင်းပိုက်ကြီးကလည်း တလွှန့်လွှန့်ဖြင့် လေအားပေးနေသည်။ မြန်မာလူငယ်အင်ဂျင်နီယာလေးများက လိုဏ်တစ်လျှောက် တိုင်းတာစစ်ဆေးနေကြသည်။

အံ့သြစရာကောင်း

လိုဏ်အတွင်း အဆုံးပိုင်းတွင်တော့ မြန်မာအင်ဂျင်နီယာများနှင့် ဒေသခံလုပ်သားတို့၏ စွမ်းပကားက အံ့သြစရာကောင်းလှကြောင်း တွေ့ရသည်။

၄င်းနောက် ရေသွယ်ဥမင်လိုဏ် အမှတ်(၄)သို့ ခရီးဦးလှည့်ခဲ့ကြသည်။ အသက်ငယ်ငယ်သာရှိဦးမည့် မြန်မာအင်ဂျင်နီယာ အမျိုးသမီးလေးက အပြုံးနှင့်ဆီးကြိုရင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းပြသည်။

လှည့်လည်လေ့လာ

ရေထိန်းကန်နှင့် ရေပိုလွှဲမြောင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးရုံ တည်ဆောက်နေခြင်းလုပ်ငန်းတို့ကို တစ်ပတ်လှည့်လည် လေ့လာခဲ့ပြီး ဒုတိယစီမံကိန်းဒါရိုက်တာ၏ ရုံးခန်းသို့ ပြန်ဝင်ခဲ့ကြသည်။

ရုံးခန်းအတွင်းဝယ် ဦးသိန်းထွန်းက "ကျွန်တော်တို့ စီမံကိန်းကို ၂၀၀၈ခုနှစ်က စတင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၂ခုနှစ်မှာ ပြီးစီးမှာဖြစ်ပါတယ်။ တာဘိုင်အမျိုးအစား အနေနဲ့ Vertical Shaft Francis Turbine ဖြစ်ပြီး တပ်ဆင်စက်အင်အားက ၂၆မဂ္ဂါဝပ် နှစ်လုံးတပ်ဆင်မှာမို့ လျှပ်စစ်စွမ်းအားထုတ်ယူမှုက တစ်နှစ်ပျမ်းမျှ ကီလိုဝပ်နာရီ ၃၃၄သန်း ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ဖြည့်ဆည်းပေးနိုင်

စက်မှုစွမ်းအားဖြင့် ပြည်ထွန်းကားနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားများ အများကြီးလိုအပ်သည်။ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လုပ်ငန်းရှင်ကြီးများ၏ ပူးပေါင်း အကောင်အထည်ဖော်သည့် အဆိုပါ အထူးစီမံကိန်းဝင် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ် အထူးစီမံကိန်း လုပ်ငန်းကြီးပြီးစီးပါက နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြေသားပြုပြင်ခြင်းလုပ်ငန်း

ဘီလူးချောင်းနံဘေး ဖိအားမြှင့်ပိုက်လိုင်း တည်ဆောက်ရန်အတွက် မြေသားပြုပြင်ခြင်းလုပ်ငန်းကို တောင်ပေါ်မှ ဤသို့တွေ့ရသည်။

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ ဆောက်လုပ်ပြီးစီးသွားသည့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် တာဝန်ရှိသူများနှင့် ရပ်ကွက်နေ ပြည်သူများ တက်ရောက်ကြပြီး ရှေးဦးစွာ အထူးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင် ဦးမျိုးအောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဦးသိန်းညွန့်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဧည့်သည်တော်များက ကြေးပြားဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံနှင့် သင်ထောက်ကူပစ္စည်း ပရိဘောဂများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၆၅၄စုံကို လည်းကောင်း၊ ဝန်ကြီး ဦးသိန်းညွန့်က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး စာရေးကိရိယာ၊ ဗလာစာအုပ်ဒါဇင် ၁၀၄၀နှင့် ခဲတံ ၂၉၅ ဒါဇင်တို့ကိုလည်းကောင်း ပေးအပ်ကြရာ ကျောင်းသူကိုယ်စားလှယ်များက လက်ခံကြသည်။

ထို့နောက် တီဇက်တီအမ်ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးသက်လင်းက သင်ကြားမှုအထောက်အကူပြုပစ္စည်း ကွန်ပျူတာ သုံးစုံနှင့် ကျောင်းသုံး ပရိဘောဂပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် အထူးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန်က အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်ထံ ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထည့်သွင်းတည်ဆောက်

ယခုဖွင့်လှစ်ခဲ့သည့် နေပြည်တော် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းသည် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ တည်ရှိပြီး ကျောင်းပင်မအဆောက်အအုံမှာ ၂၇၂ပေ ×၂၁၆ပေရှိ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျောင်းအုပ်ကြီး နေအိမ်၊ ရှစ်ခန်းတွဲ ဆရာ ဆရာမ ဆောင်တို့ပါ ထည့်သွင်းတည်ဆောက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့ နေပြည်တော် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ကျောင်းဆောင်သစ်ဖွင့်ပွဲ

နေပြည်တော် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(နယ်စပ်/စည်ပင်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာဖွယ်

နေပြည်တော် စက်တင်ဘာ ၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ နေရာကွဲကွဲ မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၄ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွဲကွဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

စက်တင်ဘာလ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာပြီး နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

လူသုံးကုန်နှင့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲ၌ ချည်သား ရှပ်အင်္ကျီမျိုးစုံလုပ်ငန်း ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၃

ARCHER CASUAL WEAR PRODUCT (ချည်သားရှပ်အင်္ကျီမျိုးစုံလုပ်ငန်း)သည် စက်တင်ဘာ ၃ရက်မှ ၆ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖွင့်လှစ်ပြသသော လူသုံးကုန်နှင့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲ ၂၀၁၀ တွင် ပါဝင်ပြသသည်။ **(အောက်ပုံ)**

ထုတ်လုပ်ဖြန့်ဖြူး

ARCHER CASUAL WEAR PRODUCT (ချည်သားရှပ်အင်္ကျီမျိုးစုံလုပ်ငန်း)သည် ARCHER အမှတ်တံဆိပ် အမျိုးသား အမျိုးသမီးဝတ် ရှပ်အင်္ကျီ အရောင်အသွေးမျိုးစုံ၊ ဆိုဒ်မျိုးစုံတို့ကို တန်ဖိုးချိုသာစွာဖြင့် ပြပွဲကာလအတွင်း အထူးလျှော့ဈေးအပြင် လက်ဆောင်ပစ္စည်းများဖြင့် ခင်းကျင်းပြသ ရောင်းချမည် ဖြစ်ကြောင်း၊ ၄င်းပြင် စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီလုပ်ငန်းနှင့် ဝန်ထမ်းများအတွက် တူညီဝတ်စုံများကိုလည်း ဆောင်ရွက်ပေးနေကြောင်း၊ ချည်သားပိတ်စမျိုးစုံကို ထိုင်းနိုင်ငံမှ တင်သွင်းကာ အင်္ကျီအထည်မျိုးစုံ ချုပ်လုပ်ဖြန့်ချိနေပြီး ပြပွဲကာလအတွင်း လာရောက် လေ့လာဝယ်ယူသူများအား အထူးလက်ဆောင်ပစ္စည်းများ ပေးရန် စီစဉ်ထားကြောင်း၊ ARCHER အမှတ်တံဆိပ် အင်္ကျီမျိုးစုံကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာအနီး နှင်းဆီလမ်း တိုက်(၄) အခန်း (၃) ဖုန်း-၇၃၀၃၉၆၁၇နှင့် ၇၃၀၅၈၉၆၃တွင် အရောင်းပြခန်း ဖွင့်လှစ်ကာ ဖြန့်ချိရောင်းချနေကြောင်းနှင့် ရုံးချုပ်ကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လမ်း ၅၀ အမှတ်(၁၈၅) (မြေညီထပ်) ဖုန်း-၃၉၈၇၇၆၆၊ ၂၉၉၉၄၆နှင့် အထက်မြန်မာနိုင်ငံ ကိုယ်စားလှယ် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၁-၂၂လမ်းထောင့် ဖုန်း-၀၉-၅၁၇၅၈၂၂နှင့် ၀၉-၅၁-၅၃၄၈၈ (စာတိုက်ကြီးအနီး) Gentleman Fashion World တို့မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၉-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၅	MRTV-4 သတင်း
၅း၅၀	**စိတ်စင်ကြယ်မှ ချမ်းသာမယ်** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၃)
၇း၃၀	MRTV-4သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၇)
၈း၄၀	သီချင်းလေးနဲ့အတူလိုက်ခဲ့တော့
၉း၀၀	စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော...
၉း၂၀	အရည်အသွေးမြင့်ထုတ်ကုန် လှိုင်းတက်စည်သွတ်စက်ရုံ
၉း၃၀	Global Panorama ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ
၁၁း၁၀	ပဲခူးတိုင်းဒေသကြီးအတွက်... ပထမခြေလှမ်း ပြည်(ရွှေတံခါး)-ပေါက်ခေါင်းရထားလမ်း
၁၀း၂၅	အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၃) ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး ကျော်ကျော်ဗို
၁၀း၄၅	သွားမယ်စားမယ် (HYPER Food Fusion)
၁၁း၁၅	MNL Preview
၁၁း၅၀	ပန်းချီပြခန်း (Nino Art Exhibition)
၁၂း၀၀	ဟိုတယ်လမ်းညွှန် (Mandalay Sedona Hotel)
၁၂း၂၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ချောရတနာနှင့် တွေ့ဆုံခြင်း)
၁း၀၀	**စိတ်စင်ကြယ်မှ ချမ်းသာမယ်** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
၂း၀၀	MRTV-4သတင်း
၂း၂၀	ဖက်ရှင်လမ်းညွှန် ဒီဇိုင်နာသက်နှင်းအေး (Dozo)
၃း၅၅	VJ Choice
၃း၃၀	Kids Show
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၇)
၄း၄၅	ပဲခူးတိုင်းဒေသကြီးအတွက်... ပထမခြေလှမ်း ပြည်(ရွှေတံခါး)-ပေါက်ခေါင်းရထားလမ်း
၄း၅၅	ရန်ကုန်မြင်ကွင်းကျယ် (Parachute hair oil ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ)
၅း၁၀	Sports Diary
၅း၃၀	MRTV-4ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီနွဲ့နွဲ့စန်း (အပိုင်း-၂)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၄)
၇း၁၅	Talent Show (ကြည်နူးခံစား အမျိုးသမီးတို့ရဲ့ ဆိုင်းလက်သံများ)
၇း၃၀	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ချောရတနာနှင့် တွေ့ဆုံခြင်း)
၈း၀၀	MRTV-4 သတင်း
၈း၃၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၉း၁၅	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (New Age & Love)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၈)
၁၀း၁၀	Activities in the City (HAI HAI & GUN GUN ကလေးအာဟာရဖြည့် နို့မှုန့်မိတ်ဆက်ပွဲ)
၁၀း၂၅	နယည်ဆန်းထွင် သစ်သီးအလှဆင် (အရံဟင်းလျာအလှဆင်နည်း)
၁၀း၄၅	World of Knowledge (Ancient Megastructures Pyramid)
၁၁း၃၅	အရည်အသွေးမြင့်ထုတ်ကုန် လှိုင်းတက်စည်သွတ်စက်ရုံ
၁၁း၅၅	စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော...
၁၂း၁၀	မြန်မာမှုလက်ရာပန်းတည်းပညာ
၁၂း၄၀	သီချင်းလေးနဲ့အတူလိုက်ခဲ့တော့
၁း၀၅	မြန်မာတို့ရဲ့စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
၁း၁၅	ရန်ကုန်မြင်ကွင်းကျယ် (Parachute hair oil ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၁း၂၅	ရှေးဟောင်းအမွေဆည်ကန်ရေ၊ စိမ်းစိုလန်းဖြာမြကန်သာ
၁း၃၅	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (New Age & Love)
၂း၅၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့မွေးမြူ ထုတ်လုပ်ရေး)
၃း၀၅	စွဲမက်ဖွယ်ရာရတနာ ကြည်လင်အေးမြ မြကျောက်အလှ (အပိုင်း-၁)
၃း၄၀	ထင်ရှားတည်ရှိမြင်းမထိ
၃း၅၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၅း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

* *ကျောဖုံးမှ*

လရဲ့မျက်နှာပြင်အကျယ်အဝန်း အခုလို ကျုံ့သွားတာဟာ လရဲ့အီကွေတာနဲ့ ဝင်ရိုးစွန်း ရာသီဥတုပြောင်းလဲမှုနဲ့ ဆက်စပ်မှုရှိတယ်ဆိုတာ ဖြစ်နိုင်တယ်လို့ သီးခြားအာကာသသိပ္ပံပညာရှင်အဖွဲ့ရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ သောမတ်ဝက်တာက ပြောကြားပါတယ်။ လရဲ့ လက်ရှိအနေအထားဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ဘီလီယံကနဲ့ လုံးဝမတူတော့ဘဲ ပြောင်းလဲခဲ့တာဖြစ်ပြီး ဘယ်အချိန်က စတင်ပြောင်းလဲခဲ့တာကိုတော့ လေ့လာနေဆဲဖြစ်ပါတယ်။

လှုပ်ရှားမှုရှိ

လရဲ့မျက်နှာပြင် ကျုံ့လာမှုဟာ တဖြည်းဖြည်းချင်း ဆက်လက်ဖြစ်ပေါ်နေပြီး ဘယ်လောက်အချိန်အထိ ဖြစ်ပေါ်နေမယ်ဆိုတာ မခန့်မှန်းနိုင်သလို ဘယ်အရွယ်အစားအထိ ကျုံ့သွားမယ်ဆိုတာလည်း ခန့်မှန်းလို့ မရနိုင်ကြောင်း သောမတ်ဝက်တာကဆိုပါတယ်။ လက်ရှိမှာတော့ လရဲ့မျက်နှာပြင်ဗဟိုဧရိယာမှာ အပူချိန်မြင့်တက်နေပြီး မျက်နှာပြင် ဘူမိအနေအထားတွေကလည်း လှုပ်ရှားမှုရှိနေတယ်လို့ ပြောကြားနေပါတယ်။

လနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သုတေသနပညာရှင်တွေရဲ့ လေ့လာမှုမှတ်တမ်းတွေအရကတော့ လရဲ့မျက်နှာပြင် ဘူမိအခြေအနေတွေဟာ ဘယ်လိုလှုပ်ရှားမှုမျိုးမှ မရှိတော့ဘဲ ရပ်ဆိုင်းနေပြီဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဘူမိအနေအထား သေဆုံးနေပြီဖြစ်တဲ့ ဖွဲ့စည်းမှုတွေပဲ ရှိနေတယ်လို့ဆိုထားပေမယ့် နာဆာ သိပ္ပံပညာရှင်တွေကတော့ ရာသီဥတုပြောင်းလဲမှု၊ ဘူမိလှုပ်ရှားမှုတွေ ဆက်တိုက်ဖြစ်ပေါ်နေခဲ့တယ်လို့လည်း ပြောကြားနေပါတယ်။

လေ့လာစောင့်ကြည့်

လက်ရှိအနေအထားအတိုင်းဆိုရင် လာမယ့် သုံးနှစ်၊ လေးနှစ်အကြာမှာ လရဲ့မျက်နှာပြင်အနေအထား ပြောင်းလဲသွားမှာ သေချာနေပြီး အဆက်မပြတ် လေ့လာစောင့်ကြည့် သုတေသနပြုသွားရမှာဖြစ်တယ်လို့ နာဆာရဲ့ အာကာသသိပ္ပံပညာရှင်တွေက ထုတ်ဖော်ပြောကြားနေပါကြောင်း။ ။ *(အင်တာနက်)*

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ မြို့နယ်ကျန်းမာရေးကော်မတီ၏ အနီးကပ်စောင့်ရှောက်မှုဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၃ရက်က အထက(၁) မင်္ဂလာတောင်ညွန့် မြတ်မင်္ဂလာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ငြိမ်းက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆွေးနွေးဟောပြော

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ယဉ်သန္တာလွင်နှင့် ဒေါက်တာ ဒေါ်စန္ဒာ၊ ရန်ကုန်တိုင်းဒေသကြီး ခုခံကျကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်၊ တီဘီရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်စန်းစန်းရှိန်၊ အနာကြီးရောဂါ တိုက်ဖျက်ရေးမှ ဒေါက်တာစန်းရီရီဆွေ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်အေးရီနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ပြီး တာဝန်ရှိသူ ဆရာဝန်ကြီးများက ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် အဆိုပါပူးပေါင်းအဖွဲ့သည် သပြေကုန်းရပ်ကွက် ကန်တော်ကလေး (တောင်ပိုင်း)၊ (အနောက်ပိုင်း)၊ (အရှေ့ပိုင်း)၊ ဖို့မြေရပ်ကွက်နှင့် သိမ်ဖြူရထားရပ်ကွက်များရှိ နာတာရှည်ဝေဒနာရှင် ၂၀တို့အား အိမ်တိုင်ရာရောက် ကွင်းဆင်းပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးပြောကြားပြီး ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၂၃)



ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျောက်မဲ၌ကျင်းပ

ကျောက်မဲ စက်တင်ဘာ ၃

ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေသတာဝန်ခံနှင့် ကျောက်မဲခရိုင်နှင့် ကျောက်မဲမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂ရက်က ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေသတာဝန်ခံ ဦးကျော်ထင်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းဝင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးထွန်းတို့က ကျောက်မဲခရိုင်နှင့် ကျောက်မဲမြို့နယ် ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးထိန်လင်းကျော်နှင့် ဦးအုန်းမြင့်တို့က မဲဆန္ဒနယ်မြေအမှတ်(၁)နှင့် အမှတ်(၂)တွင် ပါဝင်သော မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ မဲဆန္ဒရှင်၊ မဲရုံ၊ မဲပုံးနှင့် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးဦးမြင့်ထွန်းက ရန်ပုံငွေခွဲဝေရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေသတာဝန်ခံ ဦးကျော်ထင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး မဲရုံနမူနာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ရွေးကောက်ပွဲဆိုင်ရာသင်တန်း ကမာရွတ်မြို့နယ်၌ဖွင့်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီက အထက(၅) ကမာရွတ် သပြေခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ နယ်မြေတာဝန်ခံဦးတင်မောင်ဦး**(အောက်ပုံ)**နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ဦးစိန်မြင့်နှင့် ဒေါ်မုန်းမုန်းတို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းညွှန်ကြားမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

တက်ရောက်

ထို့နောက် မဲရုံသရုပ်ပြခြင်းကို လက်တွေ့သရုပ်ပြသခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၄ဦး တက်ရောက်ခဲ့ကြသည်။ (မြို့နယ် ပြန်/ဆက်)

မြစ်သားဈေး၌ မီးဘေးကြိုတင်ကာကွယ်

မြစ်သား စက်တင်ဘာ ၃

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြစ်သားဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေကန်များ၊ မီးသတ်ရေငုတ်များ၊ မီးသတ်စင်များ ဆောင်ရွက်ထားရှိမှုနှင့် ဈေးအတွင်း လုံခြုံရေးမီးနှင့် ဈေးဆိုင်ခန်းသုံး မီးလိုင်း ဆောင်ရွက်ထားရှိမှုတို့ကို ဩဂုတ် ၁၀ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး ကွင်းဆင်းစစ်ဆေးရာ မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်မင်းတို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မီးကို ကြိုတင်
ကာကွယ်မှုဖြင့် အနိုင်ယူပါ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၉-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အင်္ဂဇယမင်္ဂလံ ယဉ်ဝေယံထွန်း (တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ **မြို့ကြီးသားယဉ်ကျေးမှု**
၈:၃၅ ၉။ **ဘိလပ်မြေစက်ရုံ (နေပြည်တော်)**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀ ၅။ Yan Can Cook
၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၃၉)
၁၃:၃၀ ၇။ **ဘယ်သူပြိုင်လို့ လှပါတော့နိုင် ရုပ်ရှင်ဇာတ်ကားဖန်တီးသူ ဆရာကြီးဦးသုခနှင့် တွေ့ဆုံခြင်း**
၁၃:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃:၅၀ ၉။ **လောကနီတိ(၄) လှပခြင်း၏ အဓိပ္ပာယ်** အကယ်ဒမီဇင်ပိုင်း၊ နိုင်နိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော် (ဒါရိုက်တာ-ခင်ဇော်)
၁၄:၃၀ ၁၀။ အတီးပြိုင်ပွဲ
၁၄:၅၀ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၁၅ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ကမ္ဘောဇ F.C နှင့် ရန်ကုန်ယူနိုက်တက် F.C)**
၅:၀၀ ၂။ တေးဂီတအစီအစဉ်
၅:၁၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅:၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၄၅ ၆။ International Science News
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၅ ၈။ မိုးလေဝသအခြေအနေ
၆:၂၀ ၉။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၃၅ ၁၀။ ယဉ်တစ်ကိုယ်မယ် နန်းဆုရတီစိုး (ဒါရိုက်တာ- ခေတ်ဘုန်းမို)
၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၁၁)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **ပြည်ထောင်စုခရီးရှည်** ရာဇဝင်းတင့်၊ သက်မှူးဟေသီ (တေးရေး-မောင်မောင်ဇော်ဝင်း)
၁၆။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၅၆)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၁၇)
၁၈။ ဂီတတံခါးလေးဖွင့်ပါဦး
၁၉။ အစီအစဉ်ပြီး၏။

မိုးစပါး၊ နွေစပါး အောင်ရေရရှိရေး မြောင်းမြမြို့နယ်၌ ဆောင်ရွက်ပေး

မြောင်းမြ စက်တင်ဘာ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက မိုးစပါးအောင်ရေရရှိရေးနှင့် နွေစပါး စိုက်ပျိုးရေရရှိရေးအတွက် မြောင်းမြမြို့နယ် ကွယ်လွယ် - ကံကြီးကားလမ်းမကြီး တစ်လျှောက် မြောင်းမကြီးအတွင်း နုန်းကောနေသောအပိုင်းများကို စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်နေမှုကို မြောင်းမြခရိုင် ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဌာနဆိုင်ရာများ၊ ခရိုင်စိုက်/တိုး/မြှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၄ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ပိုမိုသိုလှောင်နိုင်

အဆိုပါ နုန်းတူးဖော်ဆောင်ရွက်နိုင်မှုအတွက် မြောင်းမကြီးတွင် ရေပိုမိုသိုလှောင်နိုင်ပြီး ရေစီးရေလာကောင်းမွန်မည်ဖြစ်ကာ ကံကြီးကျေးရွာအထိ အရှည် ငါးမိုင်အတွင်း နွေစပါး ဧက၁၄၅၀၊ မိုးစပါးဧက ၁၆၀၀တို့ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် Hana Group မှ President Mr. Chris Park နှင့်အဖွဲ့သည် စက်တင်ဘာ ၁ရက် ညနေ၆နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်စပ်လျဉ်းသော တည်ဆောက်ရေး လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (ယာပုံ) (သတင်းစဉ်)

အဆင့်မြင့်စက်ချုပ်နှင့် အိမ်တွင်းမှုသင်တန်းဆင်းပွဲ ပုလဲမြို့၌ ကျင်းပ

ပုလဲ စက်တင်ဘာ ၃

ပုလဲမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁၀)၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ထူးချွန်ဆု

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးမြအောင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး (အောက်ပုံ) သင်တန်း ထူးချွန်ဆုရ သင်တန်းသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး၊ ဒေသဆိုင်ရာလုပ်ငန်း ကော်မတီ တွဲဖက်အတွင်းရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးအုန်းမြင့်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူ မဖြူဖြူခိုင်က လက်ခံယူခဲ့ကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် ပုသိမ်-မုံရွာလမ်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းက ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ ပုသိမ်-မုံရွာလမ်းလုပ်ငန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လမ်းပိုင်းအလိုက် လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းနှင့် လမ်းခင်းကျင်းနေမှု အခြေအနေများ၊ လမ်းကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရာထမ်းငယ် အခြေခံသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၇)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၃၁ရက် နံနက်ပိုင်းက ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်း တက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅၆ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်း အထက(၃)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၃

စစ်ကိုင်းမြို့ ကမ်းနားလမ်း ယခင် အထက(၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၁ရက် နံနက် ၉နာရီတွင် စစ်ကိုင်းမြို့ ပိုးတန်းရပ် ဇေယျာလမ်း အောင်ထူးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသော အဝေးရောက် ကန်တော့ခံ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဒေါ်ပင်မြင့်စံ ဖုန်း-၀၉-၅၁၆၈၂၇၊ ဒေါ်မေစန်းဝေ ဖုန်း-၀၂-၆၈၂၈၀၊ ဦးမြင့်ကို ဖုန်း-၀၉-၂၀၃၈၇၉၁၊ ဦးသန်းလှ ဖုန်း-၀၉-၂၁၇၄၀၅၅၊ ဒေါ်ဝင်းဝင်းနု ဖုန်း-၀၇၂-၂၁၂၀၉၊ ဦးဆွေတင့် ဖုန်း-၀၇၂-၂၁၄၀၁နှင့် ဒေါ်ခင်မေမိုး ဖုန်း-၀၉-၂၀၂၀၁၄၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၃၁၃)

ဩဂုတ် ၁၇ရက်က ဦးထွန်းမြင့်အားရည်စူး၍ အမှတ် ၅၅/က တက္ကသိုလ်ရိပ်သာလမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ်နေ ဒေါ်လှကြည်နှင့် သားသမီးများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံယူစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ကျောက်တံတားမြို့နယ်၌ဖွင့်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီက အထက(၁)ကျောက်တံတား ကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကျောက်တံတားမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးငွေးက အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများအား လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

မဲပေးပုံ

ဆက်လက်၍ မဲရုံများတွင် ဆန္ဒမဲပေးခြင်း သရုပ်ပြပွဲကို ကျင်းပပြီး မဲဆန္ဒရှင်များက မဲပေးပုံနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ရမည့်တာဝန်များကို ရှင်းလင်းပြသသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ကျောက်တံတားမြို့နယ်ရှိ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ၅၈ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ (မြို့နယ်ကော်မရှင်)

ပေးအပ်လှူဒါန်း

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)သို့ အမှတ် ၈၆/စီ အင်းလျားလမ်း ရန်ကုန်မြို့နေ ဒေါ်တင်မူသွယ်နှင့်မြေး ပိုးဝတ်ရည်အောင်ကြီးတို့က အဘွား ဒေါ်တင်မူသွယ်၏ (၈၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် သုံးသိန်းကို အဆိုပါနေအိမ်တွင် ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက လက်ခံယူစဉ်။ (ဖောင်ဒေးရှင်း)

ခြင်ဆေးခွေအသုံးပြုကြသော ပြည်သူများအတွက်သတိပေးထုတ်ပြန်ချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဈေးကွက်အတွင်း ရောင်းချနေသော ခြင်ဆေးခွေအချို့မှာ တရားဝင်ပိုးသတ်ဆေး မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည်ကို စစ်ဆေးတွေ့ရှိရသည်။

မြန်မာနိုင်ငံပိုးသတ်ဆေးဥပဒေအရ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင်လည်း တရားဝင် မှတ်ပုံတင်ခွင့်ပြုချက် ရယူထားခြင်းမရှိပါ။ ယင်းခြင်ဆေးခွေများတွင် အဆိပ်ရှိ ပစ္စည်းပါဝင်မှု ပမာဏမှာလည်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက သတ်မှတ်ထားသော အမြင့်ဆုံးပါဝင်မှု ပမာဏထက် ပိုမိုပါဝင်နေပါသဖြင့် အသုံးပြုသူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်။

သို့ပါ၍ အဆိုပါခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် ပိုးသတ်ဆေး မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများကို တင်သွင်းခြင်း၊ ရောင်းချခြင်းတို့ကို တားဆီး အရေးယူခြင်းနှင့် သိမ်းဆည်းမှုပြုလုပ်ရန် (၁၈)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးမှ ဆုံးဖြတ်ထားကြောင်း သတိပေးထုတ်ပြန်လိုက်သည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကွင်းဆင်းကြည့်ရှု

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်မြို့နယ်သို့ ရောက်ရှိစဉ် မုတ္တမ ကျွဲခြံ-ဇင်းဘာကျေးလက်လမ်းတွင် ကွန်ကရစ် ရေပြွန်ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံ အင်ဂျင်နီယာဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

ယူအီးအက်ဖ်အေ၊ ဗူဗူဇီလာနဲ့ ဘောလုံးသမားများ

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၃

ဥရောပဘောလုံးပြိုင်ပွဲတွေအားလုံးမှာ ဗူဗူဇီလာတူရိယာမှုတ်မှုကို ဥရောပဘောလုံးအဖွဲ့က ပိတ်ပင်လိုက်ကြောင်း စက်တင်ဘာ ၂ရက်၌ သတင်းထုတ်ပြန်လိုက်ပြီ ဖြစ်ပါတယ်။

တောင်အာဖရိကဌ ကျင်းပသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဗူဗူဇီလာများ ဤသို့ မှုတ်ခဲ့ကြသည်။

ပိတ်ပင်

ယူရို ၂၀၁၂နဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ ဗူဗူဇီလာတူရိယာတွေ ကွင်းထဲယူဆောင်ခွင့်ကိုလည်း ပိတ်ပင်ထားပြီး ပရိသတ်တွေ ကွင်းထဲဝင်ရင်လည်း စစ်ဆေးရှာဖွေ သိမ်းဆည်းသွားမယ်လို့ ဆိုပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ ဗူဗူဇီလာတူရိယာလို အသံဖြစ်ပေါ်စေတဲ့ အခြားဘယ်ပစ္စည်းကိုမဆို အသုံးပြုမှု တားဆီးသွားမယ်လို့ ယူအီးအက်ဖ်အေက ထုတ်ပြန်တဲ့သတင်းမှာ ဖော်ပြထားပါတယ်။

ထိခိုက်

၂၀၁၀ အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဖရိကရိုးရာတူရိယာဖြစ်တဲ့ ဗူဗူဇီလာတူရိယာအသံတွေကြောင့် ကစားသမားတွေနဲ့ ဒိုင်လူကြီးတွေ အနှောင့်အယှက်ဖြစ်စေခဲ့ပြီး ဘောလုံးကစားမှုနဲ့ ပြိုင်ပွဲကြီးကြပ်မှုတွေအပေါ် ထိခိုက်စေခဲ့တယ်ဆိုတဲ့ အချက်တွေကြောင့် အခုလို ယူအီးအက်ဖ်အေက ပိတ်ပင်စေခဲ့ခြင်း ဖြစ်ပါတယ်။

ဆက်စပ်မှုမရှိ

အာဖရိကရိုးရာ တူရိယာတစ်မျိုးကို ဘောလုံးပြိုင်ပွဲတွေမှာ အသိအမှတ် မပြုတာမဟုတ်ဘဲ ပစ်ပယ်ထားတာမျိုးလည်း မဟုတ်ဘူးလို့ ယူအီးအက်ဖ်အေတာဝန်ရှိသူတွေက ပြောကြားခဲ့ပါတယ်။ နောက်ပြီး ဘောလုံးပြိုင်ပွဲတစ်ရပ် အကြိတ်အနယ် ဆင်နွှဲနေချိန်မှာ ဗူဗူဇီလာတူရိယာ အသံကိုသာ ရည်ညွှန်းတာဖြစ်ပြီး ရိုးရာတူရိယာတစ်မျိုးအပေါ် တစ်ဖက်စောင်းနင်း ပစ်ပယ်လိုက်တာမျိုးနဲ့ ဆက်စပ်မှုမရှိဘူးလို့လည်း ဆိုပါတယ်။

မှန်ကန်

ဒီလို ဗူဗူဇီလာတူရိယာ မှုတ်ပြတာကို ဘောလုံးပွဲတွေမှာ ပိတ်ပင်လိုက်တာနဲ့ ပတ်သက်ပြီး မန်ယူတိုက်စစ်မှူးရွန်နေက ''ယူအီးအက်ဖ်အေအနေနဲ့ အခုလို ပိတ်ပင်လိုက်တာဟာ မှန်ကန်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဂိုးသွင်းနိုင်ရေးနဲ့ အနိုင်ရရှိရေး ကြိုးစားတဲ့နေရာမှာ အနှောင့်အယှက်ကင်းကင်းနဲ့ အာရုံစိုက်ပြီး ကစားနိုင်ဖို့ လိုအပ်ပါတယ်''လို့ ပြောကြားခဲ့ပါတယ်။

စီရိုနယ်ဒို

ပေါ်တူဂီနဲ့ ရီးရဲမက်ဒရစ် တောင်ပံကစားသမား စီရိုနယ်ဒိုကလည်း ''ဒါဖြစ်သင့်တဲ့ ကိစ္စပါ။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ကျွန်တော်တို့ ကြုံတွေ့ခံစားခဲ့ရပြီးပါပြီ၊ အဆက်မပြတ်ဆူညံတဲ့ အသံတွေဟာ အာရုံစူးစိုက်မှုကို ထိခိုက်စေတာတော့အမှန်ပါပဲ''လို့ ပြောကြားခဲ့ပါတယ်။ ပေါ်တူဂီဘောလုံးသမားတွေဟာ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကစားကတည်းက အဲဒီတူရိယာသံတွေကို ပိတ်ပင်ပေးဖို့ တောင်းဆိုခဲ့ကြသူတွေဖြစ်ပါတယ်။

လီဗာပူးအသင်း တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်။

တောရက်စ်

စပိန်နဲ့ လီဗာပူးတိုက်စစ်မှူး တောရက်စ်ကလည်း ''အဲဒီအသံတွေဟာ ကျွန်တော်တို့ ကစားသမားတွေအတွက် တကယ့်ကို အာရုံထွေပြားမှု ဖြစ်စေတာပါ။ ဗူဗူဇီလာ တူရိယာအသံလို ဆူညံမှုမရှိရင် စိတ်ရောကိုယ်ပါနစ်မြုပ် ကစားလို့ရပါလိမ့်မယ်'' လို့ပြောကြားလိုက်ပါတယ်။



ရီးရဲမက်ဒရစ် တောင်ပံကစားသမား စီရိုနယ်ဒို။

ကစားနည်းစနစ်တွေ အလွန်မြန်ဆန်ပြီး ပြောင်းလဲမှုဖြစ်ပေါ်နေချိန်မှာ ပြိုင်ပွဲအတွင်းပါဝင်ကစားနေကြတဲ့ ဘောလုံးသမားတွေနဲ့ ဒိုင်လူကြီးတွေရဲ့ တာဝန်က အရေးကြီးတာမို့ တစ်စုံတစ်ရာ အနှောင့်အယှက်မရှိဘဲ ပြိုင်ပွဲဆင်နွှဲနိုင်ဖို့အတွက် ယူအီးအက်ဖ်အေရဲ့ ပိတ်ပင်မှုကို ထိပ်တန်းဘောလုံးသမားတွေက ကြိုဆိုနေကြပါတယ်။

လက်ခံ

ဒါ့အပြင် ဆူညံတဲ့အသံတွေကြောင့် ကစားသမားတွေကို ကြီးကြပ်ညွှန်ကြားဖို့ အခက်အခဲကြုံတွေ့နေရတဲ့ နည်းပြတွေကလည်း လက်ခံကြတာမို့ ဥရောပဘောလုံးပြိုင်ပွဲတွေမှာ ဗူဗူဇီလာ တူရိယာအသံတွေ ကင်းဝေးတော့မှာ ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

အပြောင်းအရွှေ့ကာလနှင့် ဘောလုံးသမားဈေးကွက်

မြင့်မောင်စိုး - ရေးသားသည်

လန်ဒန် စက်တင်ဘာ ၃

ယခုနှစ်ဘောလုံးရာသီအတွက် နွေရာသီကစားသမားများ အပြောင်းအရွှေ့ကာလဟာ ဩဂုတ် ၃၁ရက်က ပြီးဆုံးသွားခဲ့ပါပြီ။

ဒီလိုဘောလုံးသမား အပြောင်းအရွှေ့ကာလ ပြီးဆုံးချိန်မှာတော့ ဥရောပကလပ်တွေဟာ ဘောလုံးသမားတွေ ခေါ်ယူရေးနဲ့ ပတ်သက်ပြီး မူလသဘောတူညီထားတဲ့ အတိုင်း ဩဂုတ် ၃၁ရက်က အပြီးဆောင်ရွက်ခဲ့ကြပါတယ်။ အချို့အသင်းတွေက ကစားသမားတွေကို အပြီးအပြတ် ဝယ်ယူနိုင်သည်ရှိသလို အချို့အသင်းတွေက အငှားခေါ်ယူကြပါတယ်။ ဒီနှစ်မှာတော့ မနှစ်ကထက် ဘောလုံးသမား ခေါ်ယူမှုတွေ နည်းတယ်လို့သိရပါတယ်။

တိုက်စစ်မှူး ရော်ဘင်ဟို။

တိုက်စစ်မှူး အဆာမို့ချ်ရိုင်ယန်။

ဘောလုံးသမား ခေါ်ယူရေးဈေးကွက် ပိတ်ချိန်မှာတော့ မန်စီးတီးတိုက်စစ်မှူး ရော်ဘင်ဟိုကို အီတလီစီးရီးအေကလပ် အေစီမီလန်က လေးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့ပါတယ်။ သူ့ရဲ့ ပြောင်းရွှေ့ကြေးကို ထုတ်ဖော် ကြေညာခဲ့ခြင်း မရှိခဲ့ပါဘူး။ သူဟာလွန်ခဲ့တဲ့ ခြောက်လက ဘရာဇီးကလပ်တစ်ခုမှာ အငှားသွားကစားနေသူဖြစ်ပါတယ်။ မန်စီးတီးက ၂၀၀၈ခုနှစ်မှာ ရီးရဲမက်ဒရစ်က ပေါင် ၃၂ ဒသမ ၅ သန်းပေးပြီး ဝယ်ခဲ့သူဖြစ်ပါတယ်။ ဒါပေမဲ့ မန်စီးတီးမှာ တီဗက်ဇ်၊ အဒီဘာယော စတဲ့တိုက်စစ်မှူးတွေကြောင့် သူ့အတွက် နေရာမရဖြစ်ခဲ့ရပါတယ်။

နောက်တန်း ကစားသမား ဂျာကော့ဆင်။

ကစားသမား အပြောင်းအရွှေ့ ပိတ်ချိန်မှာ တော့တင်ဟမ်ဟော့စပါးအသင်းကလည်း ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ဗန်ဒါဗတ်ကို ပေါင်ရှစ်သန်းနဲ့ခေါ်ယူလိုက်ပါတယ်။ သူဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ နယ်သာလန်အသင်းနဲ့အတူ ခြေစွမ်းပြခဲ့တဲ့ ကွင်းလယ်ကစားသမားကောင်း တစ်ဦးဖြစ်ပါတယ်။

ကွင်းလယ် ကစားသမား ဗန်ဒါဗတ်။

အလားတူ စတုတ်စီးတီးအသင်းကလည်း ပြင်သစ်မိုနာကိုကလပ်မှာ ခြေစွမ်းပြနေတဲ့ ဂတ်ဂျွန်ဆင်ကို အငှားခေါ်ယူခဲ့ပါတယ်။ သူဟာ ၂၀၀၀ ပြည့်နှစ်မှစပြီး ချယ်လ်ဆီးမှာ ကစားခဲ့သူဖြစ်ပါတယ်။ စတုတ်အသင်းက ဂတ်ဂျွန်ဆင်ကို ပို့စ်မောက်က ပြောင်းလာတဲ့ ဂျာမိန်းပင်းနန့်တို့နဲ့အတူ ကစားရဖို့ ရှိပါတယ်။

တစ်ဖန် ဆန်းဒါးလန်းကလည်း ပြင်သစ်ကလပ် ရင်းနက်စ်အသင်းမှ အဆာမို့ချ်ရိုင်ယန်ကို ပေါင် ၁၃ သန်းပေးပြီး စာချုပ်လိုက်ပါတယ်။ သူဟာ အသက် ၂၄နှစ်သာရှိသေးတဲ့ ဂါနာအသင်းရဲ့ အဓိက တိုက်စစ်မှူး



တိုက်စစ်မှူး ဂတ်ဂျွန်ဆင်။

ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဂါနာအသင်းအတွက် သုံးဂိုးသွင်းယူ ပေးနိုင်ခဲ့ပါတယ်။

မြောက်လန်ဒန်ကလပ်ဖြစ်တဲ့ တော့တင်ဟမ်ဟော့စပါး ကလပ်ကလည်း ဘရာဇီးကလပ်ဖြစ်တဲ့ အင်တာနာစီယိုနယ်ကလပ်မှ နောက်တန်း ကစားသမားဆန်ဒရိုကို ပေါင်ငါးသန်းပေးပြီး ခေါ်ယူလိုက်ပါတယ်။ ဆန်ဒရိုဟာ အသက်၂၁နှစ်သာ ရှိပါသေးတယ်။

သူဟာ ဘရာဇီးအသင်းရဲ့ ကြယ်တစ်ပွင့်ဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းကလည်း ဘလက်ဘန်းအသင်းမှ ညာနောက်တန်းကစားသမား ဂျာကော့ဆင်ကို ခေါ်ယူလိုက်ပါတယ်။ သူဟာ ဒိန်းမတ် လက်ရွေးစင်တစ်ဦးဖြစ်ပါတယ်။ သူဟာ အသက်၃၀ရှိပါပြီ။ ဒိန်းမတ်အသင်းအတွက် ၃၅ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ် ဇွန်လမှာ ဘလက်ဘန်းသို့ ရောက်လာပြီး ၁၆ပွဲပါဝင် ကစားပေးနိုင်ခဲ့ပါတယ်။

အဲဗာတန်ကစားသမား ဂျိုးဆက်ယိုဘိုကတော့ တူရကီကလပ် ဖီနာဘာချီကို အငှားသွားရောက်ကစားတယ်လို့ သိရပါတယ်။ အသက် ၂၉နှစ်ရှိပြီဖြစ်တဲ့ ယိုဘိုဟာ ၂၀၀၂ခုနှစ်က အဲဗာတန်သို့ရောက်လာပြီး ပွဲပေါင်း ၂၅၀ပါဝင် ကစားပေးနိုင်ခဲ့ပါတယ်။ သူဟာ နိုင်ဂျီးရီးယားအသင်းရဲ့ အသင်းခေါင်းဆောင် တစ်ဦးဖြစ်ပါတယ်။

ပရီမီယာလိဂ်မှာ ပြောင်းရွှေ့ကစားကြတဲ့ ဘောလုံးသမားတွေရဲ့ ခြေစွမ်းကို လာမယ့်ပြိုင်ပွဲတွေမှာ ပရိသတ်တွေအနေနဲ့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ **ကိုးကား-အင်တာနက်**

❖ ကောင်းမြတ်သူ - ရေးသားသည် ❖

အက်စ်တွန်ဗီလာနည်းပြသစ် ကာဘစ်ရှ်လေ ဖြစ်လာဖွယ်ရှိ

လန်ဒန် စက်တင်ဘာ ၃

အက်စ်တွန်ဗီလာ အသင်း၏ လစ်လပ်နေသော နည်းပြရာထူးအတွက် အလန် ကာဘစ်ရှ်လေက ဆက်သွယ်ခဲ့ကြောင်း ၎င်းကလပ်က ပြောကြားသည်။

ကာဘစ်ရှ်လေသည် အက်စ်တွန်ဗီလာအသင်း၏ နည်းပြဖြစ်လာဖွယ်ရှိသည်။ အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးလ်သည် ပြီးခဲ့သည့်လက နည်းပြအဖြစ်မှ ရုတ်တရက် နုတ်ထွက်သွားခဲ့သည်။ ပရီမီယာလိဂ်ပြိုင်ပွဲမစမီ နည်းပြမာတင်အိုနေးလ်သည် နည်းပြအဖြစ်မှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ကာဘစ်ရှ်လေသည် ချာလ်တန်နှင့် ဝက်စ်ဟမ်းနည်းပြဟောင်း ဖြစ်သည်။ ၎င်းသည် အက်စ်တွန်ဗီလာ နည်းပြဖြစ်လာရန် ရေပန်းစားနေသော်လည်း အင်္ဂလန်နည်းပြဟောင်း ဆဗင်ဂိုရန်အဲရစ်ဆင်၊ရိုနယ်ကိုးမန်း၊ဖိုလာ၊ဂျဟူလီယာတို့နှင့် အပြိုင်အရွေးခံရမည်ဖြစ်သည်။ **(အင်တာနက်)**

ယူအက်စ်တင်းနစ်ပြိုင်ပွဲ ဗီးနပ်စ်နှင့် အီဗာနိုဗစ်နိုင်ပွဲဆက်



နယူးယောက် စက်တင်ဘာ ၃

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၁၂ရက်အထိ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲ၏ ချန်ပီယံနှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့သည့် ဗီးနပ်စ်ဝီလျံက ကနေဒါတင်းနစ်မယ် ရီဘက်ကာမာရီနိုအား အနိုင်ရပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

ဗီးနပ်စ်ဝီလျံသည် ကနေဒါတင်းနစ်မယ်အား ၇-၆(၇-၃)၊ ၆-၃ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် တတိယအကျော့ပြိုင်ပွဲတွင် လူဇင်ဘတ်မှ မန်ဒီမင်နယ်လားနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကမ္ဘာ့နံပါတ်(၁) တင်းနစ်မယ်ဟောင်း ဆားဘီးယားတင်းနစ်မယ် အီဗာနိုဗစ်သည် တရုတ်တင်းနစ်မယ် ဂျီကျန်းအား ၆-၃၊ ၆-၀ဖြင့်နိုင်ပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ လက်ရှိ ချန်ပီယံ ဘယ်လ်ဂျီယံတင်းနစ်မယ် ဘေဘယ်လီ ပီးယားစ်အား ၆-၂၊ ၆-၁ဖြင့်နိုင်ပြီး တတိယအကျော့ ပြိုင်ပွဲတက်ရောက်ခဲ့သည်။ **(အင်တာနက်)**

အိုဝင်ဟားဂရေ့ဗ် ဒဏ်ရာရသော်လည်း မန်ယူ ၂၅ဦးစာရင်းတွင် ရွေးချယ်

လန်ဒန် စက်တင်ဘာ ၃

ကွင်းလယ်ကစားသမား ဟားဂရေ့ဗ်သည် ဆိုးရွားစွာ ထိခိုက်ဒဏ်ရာရထားသော်လည်း နည်းပြဖာဂူဆန်က မန်ယူအသင်း၏ ၂၅ဦး စာရင်းတွင် ထည့်သွင်းရွေးချယ်လိုက်သည်။

ရွေးချယ်

ဟားဂရေ့ဗ်သည် ဒူးခေါင်းခွဲစိတ်ကုသမှုခံယူနေရသဖြင့် မန်ယူတွင် မကစားနိုင်သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း နည်းပြဖာဂူဆန်က အသင်း၏ အမာခံ ၂၅ဦးစာရင်းတွင် ရွေးချယ်ထားသည်။

ပရီမီယာလိဂ်ကလပ် အသီးသီးတို့သည် စည်းမျဉ်းစည်းကမ်းအရ စက်တင်ဘာ ၁ရက် မတိုင်မီ အင်္ဂလန်ကစားသမား ရှစ်ဦးအပါအဝင် အနည်းဆုံးကစားသမား ၂၅ဦးကို အက်ဖ်အေသို့ ရွေးချယ်တင်ပြကြသည်။ **(အင်တာနက်)**

မဦး၊ မြကြာငုံ၊ လမင်းမေတို့၏ ပန်းသုံးပွင့်ရသ ဝတ္ထုတိုစုစည်းမှုစာအုပ် ထုတ်ဝေဖြန့်ချိထား



ရန်ကုန် စက်တင်ဘာ ၃

ပန်းသုံးပွင့်ရသ ဝတ္ထုတိုစုစည်းမှုစာအုပ်တွင် မဦး၊ မြကြာငုံနှင့် လမင်းမေတို့၏ ဝတ္ထုတိုများကို စုစည်းဖော်ပြထားသည်။

မဦး(ဒေါက်တာလွင်လွင်ဦးလှိုင်)၏ အနားပဲ့မှန်တစ်ချပ်၊ အရောင်ပျက်အနက်ပြပွဲ၊ ဈေးကောင်းပေးလျှင် ရောင်းရန်ရှိသည်၊ ကုန်းပိုးကြေး ကစားကြမယ်၊ ဟောဒီက....သကြိန်ပန်း၊ မြေသြီထပ် ရသဝတ္ထုတိုခြောက်ပုဒ်၊ မြကြာငုံ (ဒေါက်တာ နီလာသိန်း)၏ ဘဝရေတိမ်၊ ငယ်ပေါင်းကြီးဖော်၊ ဆူးလှည်းဟုပင် ကမ္ပည်းတင်စေ၊ မိုးပုံပူဖောင်းလေး၊ သမုဒယနှောင်ဖွဲ့ ဒိုင်ယာရီ ဝတ္ထုတို ငါးပုဒ်နှင့် လမင်းမေ(ဒေါက်တာခင်ဆွေဦး)၏ ဝါညစ်ညစ် အုတ်နံရံများ၊ အပြောင်းအလဲများတတ်သူ၊ ရီဝေဝေ ယစ်မူးမူး၊ ပြင်ဦးလွင်သို့တမ်းချင်း၊ နံရံပေါ်က မျက်နှာ၊ မေ့ရောဂါ ဝတ္ထုတို ခြောက်ပုဒ်၊ စုစုပေါင်းဝတ္ထုတို ၁၇ ပုဒ်ကို အတွေးသစ်၊ အမြင်သစ်တို့ဖြင့် ဖတ်ချင်စဖွယ် စိတ်ကူးပုံဖော်ထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ အဆိုပါ စာအုပ်ကို မျိုးဆက်သစ် စာပေ ဖုန်း-၀၁-၂၄၅၁၇၄ မှ ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

Logic Myanmar (Ideas of Solution) စီစဉ်မှုဖြင့် လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ ၂၀၁၀ (People's Utility of Electronics Exhibition-2010) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)** ပြပွဲကိုLogic Myanmar(Ideas of Solution) မန်နေဂျင်း

ဒါရိုက်တာ ဦးထင်အောင်ထွန်း၊ Main Sponsor Panasonic Authorized Service Center မန်နေဂျာ ဦးသက်ထွဋ်စိုးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ခင်းကျင်းပြသ

အဆိုပါပြပွဲတွင် Main Sponsor အဖြစ်Panasonic Electronic မှ အဓိကပံ့ပိုးပြီး Dicota, Cornell အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများ၊ Canon မှ ဒစ်ဂျစ်တယ်ကင်မရာများ၊ Smart Electronic Dictionary မှ အီလက်ထရွန်နစ်အဘိဓာန်များ၊ Sm3မှ မိုဘိုင်းလ်အဘိဓာန်များ၊ Thukha Dana မှ ဆေးဝါးပစ္စည်းများ၊ Ocean Glory Co.,Ltd.မှ Leeco အမှတ်တံဆိပ် Save Box များ၊ MNZ မှ ငွေရေစက်များ၊ ကာရောဘီယံ ရေသန့်စက်များ၊ I.E.M မှ Su-Kam, LiOA မီးစက်နှင့် လျှပ်စစ်ပစ္စည်းများ၊ Zulex မှ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ စိန်နှင့်မြ မွေ့ရာနှင့် ပရိဘောဂများ၊ Yangon City Guide မှ လမ်းညွှန်စာအုပ်များ၊ SP Group မှ Air Pure တံဆိပ် Air Freshener များ၊ Yandanar Moe Co., Ltd. မှ Air Freshener များ၊ Toshiba Kyaw Win မှ ဂိမ်းစက်ပစ္စည်းများ၊ Moon Fancy မှ Fancy အမှတ်တရပစ္စည်းများ၊ Three Friends Trading မှ အဝတ်ခြောက်စက်များ၊ KPC မှ ကိုရီးယားဂျင်ဆင်းအားဆေးများ၊ တံဆိပ် Battery များ၊ IQ Land မှ အလှဆင်မီးပုံးများ၊ True Value မှ GPS စနစ်များ၊ Universal Light မှ Furniture များ၊ K Company မှ မီးဖိုချောင်သုံးပစ္စည်းများ၊ Hone Shin Co., Ltd. မှ စားသောက်ကုန်များ၊ K.Y Kyaw Kyaw Trading Co.,Ltd. မှ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းလုံးနှင့် ကွိုင်များ၊ မြန်မာ့အလှမှ ဒစ်ဂျစ်တယ်ကင်မရာ/ဗီဒီယိုကင်မရာနှင့် ဟန်းဆက်အမျိုးမျိုး၊ Do Co Mo မှ ဟန်းဆက်နှင့် ဒစ်ဂျစ်တယ်ကင်မရာများ၊ NCTC မှ Somic တံဆိပ် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ INTEGRA မှ Accounting Software များ၊ HTUN THIT OO Co.,Ltd. မှ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်း၊ Dagon Bio Disc Passed Water တို့ ပါဝင်မည်ဖြစ်သည့်အပြင် ပြပွဲတွင် ဆွဲဆောင်မှုရှိသော အမျိုးသားများ Attractive Male Models ပြိုင်ပွဲကို စက်တင်ဘာ ၃ရက်တွင် Semi Final နှင့် စက်တင်ဘာ ၆ရက်တွင် Final ပွဲစဉ်များ ပါဝင်မည်ဖြစ်ကာ Media Sponsor အချစ်ဂျာနယ်၊ Make Up & Hair Design Sponsor ညီညီမောင် (စမ်းချောင်း)၊ ယောကျ်ားအဝတ်အထည် Sponsor, Archer နှင့် MIG တို့က အဓိကပံ့ပိုးထားပြီး Models များ၏ ဖျော်ဖြေမှုများဖြင့် စက်တင်ဘာ ၆ရက်အထိ Home Distribution Group နှင့် Tharaphee တို့မှ Laminate Floor များ၊ Gold Co.,Ltd. မှ အချိုမှုန့် အစားထိုးထုတ်ကုန်များ၊ Aung Nay Thawe Co.,Ltd. မှ JAPAN အမှတ် နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲ နမ့်ခမ်းမြို့၌ကျင်းပ

နမ့်ခမ်း စက်တင်ဘာ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲနှင့် အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ် စာစီစာကုံးဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက်က အထကကျောင်းခွဲ ရာပြည့်ဆောင်၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်မြလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်ဦးကြည်က တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း ခေါင်းစဉ်ဖြင့် ဟောပြောပြီး အထက်တန်းပြဆရာမ ဒေါ်သင်းသင်းက ကျန်းမာပျော်ရွှင်ပညာသင် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြသည်။

ချီးမြှင့်

ယင်းနောက်စာစီစာကုံးဆုရ အထက်တန်း၊ အလယ်တန်းအဆင့်ကျောင်းသားကျောင်းသူများအား ခရိုင်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအသင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအသင်းဝင်များက ဆုများချီးမြှင့်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဆင်ချက်

စက်တင်ဘာ ၃ရက်သတင်းစာ စာမျက်နှာ(၃)ကော်လံ(၂)၌ ဖော်ပြပါရှိသည့် Ocean Gate သင်တန်းကျောင်း ရန်ကုန်မြို့၏ တယ်လီဖုန်းနံပါတ်ကို ၃၈၀၁၃၀ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

လူသုံးကုန်နှင့်အီလက်ထရွန်နစ် ပစ္စည်းများပြပွဲ ၂၀၁၀တွင် Panasonic Electronic ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၃

Panasonic Electronic သည် စက်တင်ဘာ ၃ရက်မှ ၆ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဖွင့်လှစ်ပြသသော လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ ၂၀၁၀ (People' s Utility & Electronics Exhibition-2010)ပြပွဲတွင် ပါဝင်ပြသလျက်ရှိသည်။ **(အောက်ပုံ)**

Panasonic Electronic သည် Panasonic အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများအားလုံးကို တစ်နေရာတည်း အစုံအလင် ခင်းကျင်းပြသထားပြီး လာရောက်ကြည့်ရှုသူများ စိတ်ကြိုက်လေ့လာဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း၊ အထူးသဖြင့် တစ်လက်မထုသာရှိသော ကမ္ဘာ့အပါးလွှာဆုံး Plasma TVနှင့် အရွယ်အစားမျိုးစုံ Plasma TV များ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များ၊ ဒစ်ဂျစ်တယ်ကင်မရာမျိုးစုံ၊ လေအေးပေးစက်မျိုးစုံ၊ ကက်ဆက်နှင့် စပီကာများအပြင် အိမ်သုံးနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ Microwave မီးဖို၊ ရေပူ/ ရေအေး ရေချိုးစက်၊ ဖုန်စုပ်စက်၊ ထမင်းပေါင်းအိုး၊ သစ်သီးဖျော်စက်၊ သစ်သီးအရည်ညှစ်စက်၊ အသားကြိတ်စက်၊ လျှပ်စစ်ရေနွေးအိုးနှင့် လျှပ်စစ်မီးပူများအပြင် Panasonic အမှတ်တံဆိပ် Electronics ပစ္စည်းဝယ်ယူသူတိုင်းကို အမှတ်တရ အထူးလက်ဆောင်ပစ္စည်းများ၊ ငွေသားဆုကံစမ်းမဲများ ပေးအပ်မည်ဖြစ်ပြီး ကျန်းမာရေးနှင့် အလှအပဆိုင်ရာပစ္စည်းများဖြစ်သည့် အနှိပ်ခုံ၊ ပေါင်ချိန်စက်၊ သွေးပေါင်ချိန်စက်၊ ဆံပင်ခြောက်စက်၊ ဖြောင့်စက်၊ ကောက်စက်၊ မျက်နှာပေါင်းတင်စက်တို့ကိုလည်း မိတ်ဆက်ခင်းကျင်းပြသရောင်းချနေကြောင်း၊ Panasonic ထုတ်ကုန်ပစ္စည်းများကို တိုက်ရိုက်ခင်းကျင်းရောင်းချသည်ဖြစ်ရာ ပစ္စည်းနှင့်လက်ခအခမဲ့ တစ်နှစ်အာမခံပေးထားကြောင်း၊ Panasonic Electronic ပစ္စည်းများကို ပြပွဲကာလနောက်ဆုံးရက် စက်တင်ဘာ ၆ရက်အထိအပြင် Panasonic အရောင်းဆိုင်များတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် သံတောင်ကြီးမြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်နေ စောဘိုတာစိန်သည် အဖော်နှစ်ဦးနှင့်အတူ ဩဂုတ် ၂၇ရက်တွင် ၎င်းတို့ပိုင် ဖာလာခြံ၌ မျှစ်ချိုးစဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ညာခြေဖနောင့်ကြေမွ၊ ဝဲဘက်လက်ခုံစုတ်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် သံတောင်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ္ဘာမြေ ပူလေသမျှ

➤ သဘာဝဘေး သတင်းမှတ်စု-မောင်ချစ်ကြည် ➤

ရုရှားနိုင်ငံမှာ တောမီးထပ်မံလောင်ကျွမ်းနေပြီဆိုတဲ့သတင်းက အင်တာနက်ပေါ် ရောက်ရှိလာပြန်ပါတယ်။ အဲဒီတောမီးက မော်စကိုမြို့အရှေ့တောင်ပိုင်း ဆာရာတော့ဗ်နဲ့ ဗောဂိုဂရက်မြို့အကြားမှာရှိတဲ့ သစ်တောတစ်ခုကနေပြီး စက်တင်ဘာ ၃ရက်နံနက်မှာ စတင်လောင်ကျွမ်းခဲ့တာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

မီးလောင်

အခုအချိန်အထိ အဲဒီတောမီးလောင်ကျွမ်းမှုဟာ အရှိန်အဟုန်ပြင်းနေတာမို့ ရွာပေါင်း ၂၀အထိ ကူးစက်လောင်ကျွမ်းခံနေရပြီဖြစ်ပါတယ်။ နေအိမ်ပေါင်း ၈၀၀ ကျော် မီးလောင်ခံခဲ့ရပြီး ဆက်လက်လောင်ကျွမ်းနေဆဲပါပဲ။ မီးလောင်တဲ့ဒေသမှာ အပူချိန် ၄၀ဒီဂရီဆဲလ်စီးရပ်စ်အထိရှိနေပြီး လေတိုက်ခတ်နှုန်းက တစ်နာရီမိုင် ၆၀ခန့် ရှိနေတာမို့ မီးသတ်တပ်ဖွဲ့တွေနဲ့ ဒေသခံတွေပူးပေါင်းပြီး မီးငြိမ်းသတ်ရေး ကြိုးစား ဆောင်ရွက်နေကြပါတယ်။

ပျက်စီး

ရုရှားနိုင်ငံဟာ ပြီးခဲ့တဲ့ဩဂုတ်လကလည်း တောမီးအကြီးအကျယ် လောင်ကျွမ်းခဲ့တာမို့ စိုက်ပျိုးမြေဟက်တာ ၁၂သန်းခန့် မီးလောင်ပျက်စီးခဲ့ရပြီး လူဒါဇင်များစွာ သေဆုံးခဲ့ကြရပါတယ်။ အခုလည်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေ အမြန်ဆောင်ရွက်ဖို့ ရုရှားသမ္မတက ညွှန်ကြားထားပါတယ်။ ရုရှားနိုင်ငံမှာ တောမီးတွေ အကြီးအကျယ်လောင်ကျွမ်းနေတာမို့ ရုရှားနိုင်ငံမှာ ထူးခြားတဲ့အပူလှိုင်းတွေ ကျရောက်နေတာလားလို့ သုတေသနပညာရှင်တွေက သုံးသပ်နေကြပါတယ်။

ရုရှားနိုင်ငံ မော်စကိုမြို့ အရှေ့တောင်ပိုင်း ဆာရာတော့ဗ်နှင့် ဗောဂိုဂရက်မြို့အကြား၌ တောမီးလောင်ကျွမ်းမှုဖြစ်နေစဉ်။

ပြင်သစ်

ရုရှားမှာ တောမီးတွေလောင်ကျွမ်းနေချိန်မှာပဲ ပြင်သစ်နိုင်ငံတောင်ပိုင်း လာစီရိုတက်မြို့အနီးမှာ တောမီးတွေလောင်ကျွမ်းနေတယ်လို့ ပြင်သစ်မီးသတ်တပ်ဖွဲ့က စက်တင်ဘာ ၂ရက်မှာ သတင်းထုတ်ပြန်လိုက်ပါတယ်။ စိုက်ပျိုးမြေဟက်တာထောင်ပေါင်းများစွာ ပျက်စီးပြီး နေအိမ်အများအပြား မီးလောင်ပျက်စီး ခံခဲ့ရပါတယ်။ သေဆုံးမှုမရှိပေမယ့် ရဟတ်ယာဉ်တွေ အသုံးပြုပြီး မီးငြိမ်းသတ်ရေးကို ကြိုးစား ဆောင်ရွက်နေကြပါတယ်။ အနီးဝန်းကျင်ဒေသတွေကို တောမီးကူးစက်လောင်ကျွမ်းနိုင်လို့ သတိပေးချက်တွေ ထုတ်ပြန်ပေးထားပါတယ်။ ဒီနှစ်အတွင်းမှာတော့ ပြင်သစ်နိုင်ငံရဲ့ အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုပါပဲ။

အင်ဒိုနီးရှား

ရုရှားနဲ့ပြင်သစ်နိုင်ငံတွေမှာ တောမီးလောင်ကျွမ်းနေသလို အင်ဒိုနီးရှားနိုင်ငံမှာလည်း မီးတောင်ပေါက်ကွဲမှု သတိပေးချက်ကို စက်တင်ဘာ ၃ရက်မှာ ထုတ်ပြန်ထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းမြောက်ပိုင်း စီနာဘန်းမြို့အနီးမှာရှိတဲ့ ပေ၈၁၀၀မြင့်တဲ့ မီးတောင်ဟာ စက်တင်ဘာ၃ရက် နံနက် ၄နာရီ ၃၈မိနစ်မှာ ပေါက်ကွဲမှုတွေ စတင်ဖြစ်ပွားခဲ့တာမို့ ဒေသခံရာပေါင်းများစွာကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရပါတယ်။ မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာတဲ့ ပြာမှုန်နဲ့ မီးခိုးတွေဟာ ဝေဟင်အထက် အမြင့်ပေ ၁၀၀၀၀ကျော်အထိ ပျံ့လွင့်နေတယ်လို့ ဆိုပါတယ်။ မီးတောင်အနီး လေးမိုင်ပတ်လည်ကို အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ပြီး ဘယ်သူမှ ဖြတ်သန်းသွားလာခွင့်မပြုဘဲ ပိတ်ထားလိုက်ပြီဖြစ်ပါတယ်။ မီးတောင်ပေါက်ကွဲမှုအရှိန်က အနီးဝန်းကျင် ငါးမိုင်ပတ်လည်အထိ မြေပြင်တုန်ခါမှု ရှိနေတယ်လို့ ဆိုပါတယ်။ အဲဒီလိုပဲ ကွန်ဂိုသမ္မတနိုင်ငံမှာ နီရာဂွန်ဂိုမီးတောင်ဟာ ပြီးခဲ့တဲ့သုံးရက်က ပေါက်ကွဲမှုဖြစ်ခဲ့လို့ အနီးဝန်းကျင်က ဒေသခံတွေကို အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရပါတယ်။ အဲဒီမီးတောင်ဟာ လွန်ခဲ့တဲ့ ၂၀၀၂ခုနှစ်တုန်းကလည်း ပေါက်ကွဲမှုဖြစ်ခဲ့လို့ ဒေသခံ ၅၀သေဆုံးပြီး အနီးမှာရှိတဲ့ ဂိုမာမြို့ရဲ့ ၁၅ရာခိုင်နှုန်းဟာ ပျက်စီးခဲ့ပါတယ်။

အမေရိကန်မုန်တိုင်း

အဲဒီလို တောမီးတွေလောင်၊ မီးတောင်ပေါက်ကွဲမှုတွေ ဖြစ်ပေါ်နေချိန်မှာ အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်ကို ဦးတည်ပြီး အားလ်အမည်ရှိတဲ့ မုန်တိုင်းတစ်ခု ရွေ့လျားလာနေပြီ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံ အရှေ့ပိုင်း ကမ်းရိုးတန်းဒေသတွေမှာနေထိုင်တဲ့ ပြည်သူထောင်ပေါင်းများစွာဟာ မုန်တိုင်းဒဏ်က ကင်းလွတ်ဖို့ အပြေးအလွှားရှောင်တိမ်းနေကြပြီ ဖြစ်ပါတယ်။ ဒီမုန်တိုင်းဟာ အင်အားကောင်းပြီး တစ်နာရီ မိုင် ၁၀၀ကျော် တိုက်ခတ်နိုင်တယ်လို့ခန့်မှန်းနေကြပါတယ်။

တောင်ကိုရီးယားနိုင်ငံကိုတော့ စက်တင်ဘာ ၂ရက်က ကွမ်ပါဆုတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့လို့ အခုအချိန်အထိ ခြောက်ဦးသေဆုံးပြီး နေအိမ်အများအပြား ပျက်စီးခဲ့ရပါတယ်။ လေကြောင်းပျံသန်းမှုတွေရပ်ဆိုင်းထားရပြီး မြေအောက်ရထားပြေးဆွဲမှုကို အခုအထိ ရပ်ဆိုင်းထားရဆဲ ဖြစ်ပါတယ်။

ပူနွေးလာမှု

ဒီလို ရာသီဥတုဖောက်ပြန်မှုနဲ့ သဘာဝဘေးအန္တရာယ်တွေ ဆက်တိုက်ဖြစ်ပေါ်လာမှုဟာ ကမ္ဘာကြီးပူနွေးလာလို့ ဖြစ်တယ်လို့ သုတေသနပညာရှင်တွေ သုံးသပ်နေကြပါတယ်။ ၁၉၉၇ခုနှစ်က သဘောတူခဲ့တဲ့ ကျိုတိုပရိုတိုကောကိုလည်း နိုင်ငံတိုင်းက အလေးအနက်မထားတဲ့အပြင် အကောင်အထည်ဖော်မှု နှောင့်နှေးကြန့်ကြာနေလို့ ခုလိုဖြစ်တာလို့ ဝေဖန်နေကြပါတယ်။ ဒါကြောင့် ကမ္ဘာမြေ ပူလေသမျှ သဘာဝဘေးတွေကို ပြည်သူတွေခံစား ရင်ဆိုင်နေကြရဦးမှာ ဖြစ်ပါကြောင်း....။ ။

ကိုးကား-အင်တာနက်

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်မှု

မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် စက်တင်ဘာ ၁ရက် နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမကျောင်းလမ်း၊ ပညာလမ်းနှင့် သီရိမြိုင်လမ်းတို့၌ ရပ်ကွက်ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသိပညာပေးဟောပြောနေမှုနှင့် သီရိမြိုင်(၂)လမ်း ကွန်ကရစ်လမ်းချောခင်းနေမှုတို့ကို ကြည့်ရှုအားပေးသည်။

တစ်ပြိုင်တည်း

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ကျောက်တံတား၊ မင်္ဂလာတောင်ညွန့်၊ အင်းစိန်နှင့် သင်္ဃန်းကျွန်းမြို့နယ်တို့၌ နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ပြုလုပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့တော်ဝန်သည် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ သာယာကုန်း ၂လမ်း **(ယာပုံ)**၊ အမှတ်(၁၁)ရပ်ကွက်ရှိ အဝေရာလမ်းနှင့် အမှတ်(၂၀)ရပ်ကွက်ရှိ ဝေပုလ္လလမ်းများ ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှု၊ ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ ဇေယျာသုခလမ်း ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကော့ကရိတ်မြို့နယ်၌ မိုးစပါးရေတော် မိုးတော်ထွန်တုံးပိတ်ပွဲကျင်းပ

ကော့ကရိတ် ဩဂုတ် ၃၀

ကော့ကရိတ်မြို့နယ် မိုးစပါးရေတော် မိုးတော် ထွန်တုံးပိတ်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက်က ကော့နွဲ့ကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၀) ချောင်းတောင်ကွင်း တောင်သူဦးစောမူးလာ၏ လယ်မြေ၌ ကျင်းပရာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းဝင်များ၊ တောင်သူများတက်ရောက်ကြသည်။

ပေးအပ်

ထွန်တုံးပိတ်ပွဲအခမ်းအနားအပြီးတွင် ပါဝင်ခဲ့ကြသော ကောက်စိုက်အဖွဲ့လေးဖွဲ့အား ခရိုင်ဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ **(အောက်ပုံ)** ကော့ကရိတ်မြို့နယ်တွင် ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးရေတော် မိုးတော်လျာထားဧက ၄၀၉၁၃ ဧကကို အပြည့်အဝ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဂန့်ဂေါ မြို့မဈေးကြီးအတွင်း ရေစီးရေလာ ကောင်းရေးအတွက် မြို့မဈေးကြီး၏ တောင်ဘက်ခြမ်း အရှည် ၂၃၅ပေ၊ အကျယ် ၃ပေရှိ အုတ်ရေမြောင်းဆောက်လုပ်ခြင်း လုပ်ငန်းကို ဩဂုတ် ၁၉ရက်က အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကိုကိုတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အရှင်ကေလာသ ဓမ္မာစရိယ B.A(Philo), M.A(Buddhism) ရေးသားသည့် ဓမ္မအမေးအဖြေများ စာအုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၃

ထေရဝါဒဗုဒ္ဓဘာသာဝင်သူတော်စင်များအားလုံး မြတ်ဗုဒ္ဓ၏ တရားဓမ္မစစ်အမှန် အခြေခံများကို သိရှိနိုင်ကြစေရေး၊ သိသလိုလိုနှင့် မသိဖြစ်နေကြသည့် ဗုဒ္ဓဓမ္မဆိုင်ရာ အကြောင်းရပ်များကို ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ကြစေရေးအတွက် အရှင်ကေလာသ ဓမ္မာစရိယ B.A (Philo), M.A(Buddhism) ရေးသားသည့် ဓမ္မအမေးအဖြေများ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က စာစဉ်အမှတ်(၉၈)အဖြစ် တစ်ပြည်လုံးသို့ဖြန့်ချိထုတ်ဝေလိုက်သည်။

ဖော်ကျူးတင်ပြ

ဘုရားအထက်ပစ္စယာကဲ့သို့မြင့်မြတ်သော နေရာများသို့ အမျိုးသမီးများမတက်ရဆိုလျှင် မျှတသလား၊ ဗုဒ္ဓဓာတ်တော်ကို ရေစိမ်သောက် ကောင်းသလား၊ဗုဒ္ဓဝါဒအရ ပဋိသန္ဓေတားကောင်းသလား၊ ဝမ်းကွဲမောင်နှမ လက်ထပ်ကောင်းသလား၊ ဗုဒ္ဓသာသနာ့အလံကို ဘယ်သူတီထွင်သလဲ၊ အရှင်ဥပဂုတ် ကိုးကွယ်သင့်သလား၊ ဗုဒ္ဓဓမ္မကို ဘယ်တုန်းက အက္ခရာနဲ့ရေးသလဲ၊ ပေါင်းလောင်းကဿပအကြောင်း သိသလား၊ သက်သတ်လွတ်စားရင် ကုသိုလ်ပိုရသလား၊ သမ္ဗုဒ္ဓေဂါထာကို ဘယ်သူရေးခဲ့သလဲ၊ ဗုဒ္ဓကျမ်းထွက် စကြဝဠာဗေဒ အစရှိသည်တို့၏ အဖြေများနှင့်အတူ ရဟန်းများခေါင်းရိတ်ခြင်း၊ ဗုဒ္ဓ၏ ဆံပင်ပုံစံအကြောင်း၊ မြင်းမိုရ်တောင်ဆိုတာ ဘုရားဟောလား၊ ဗုဒ္ဓ မွေးဖွားနှစ် နှစ်မျိုးအကြောင်း၊ စေတီတော်မှ ရောင်ခြည်တော်လွှတ်ခြင်း၊ ဗုဒ္ဓဝါဒနှင့် သိုက်အကြောင်း၊ ကျောင်းထိုင်အရည်အချင်း၊ မနုဿီဟမှတ်စု၊ သီလရှင်ကို ရှိခိုးခြင်း၊ နတ်တွေကိုတွေ့ချင်ရင်၊ ကံကောင်းအောင်လုပ်နည်း၊ ကိုယ်စောင့်နတ် အစရှိသော အကြောင်းရပ်များအပြင် များပြားလှစွာသော ဗုဒ္ဓဘာသာဆိုင်ရာ ဗဟုသုတများကို စာရေးသူက ဘုရားဟောကျမ်းဂန်၊ ကျမ်းကိုးကျမ်းကား အထောက်အထားများနှင့် ရှင်းလင်းခိုင်မာစွာ ဖော်ကျူးတင်ပြထားသည်။

ဝယ်ယူရရှိနိုင်

ဂူဖရီးစက္ကူဖြူချောဖြင့် စာမျက်နှာ ၅၀၀ကျော် သပ်သပ်ရပ်ရပ် သန့်သန့်ခွံခွံ ထုတ်ဝေထားသော အဆိုပါစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) အလက(၁) ရန်ကင်းရှေ့ သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သာဝတ္တိကျေးရွာ ကျောင်းဆောင်သစ်ပန္နက်တင်

ခင်ဦး ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သာဝတ္တိကျေးရွာ အလယ်တန်းကျောင်း၌ တိုးချဲ့ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းဝင်း၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်၊ မြို့နယ်ပညာရေးမှူး ဦးအယ်လ်စန်တွဲ၊ ကျောင်းအုပ်ဆရာကြီး ဦးခင်ကိုကြီးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဝေတို့က သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်မင်္ဂလာ ပြုလုပ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

တန့်ယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုး၊ ဒုတိယဦးစီးမှူး(အခွန်) ဦးမိုင်းဟသ်ာထွန်းနှင့် ဝန်ထမ်းများ တန့်ယန်းမြို့ မြို့မဈေးနှင့်ကုန်စုံဆိုင်များအတွင်း နိုင်ငံတော်မှ ကန့်သတ်ကုန်ပစ္စည်းများ ရောင်းချခြင်း မရှိစေရေးနှင့် အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိ မရှိကို လိုက်လံစစ်ဆေးကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

တောင်ကြီး စက်တင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် မြို့နယ်ရုံးစာကြည့်တိုက် လက်ထောက်(၃) ဝန်ထမ်းများ တွေ့ဆုံလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၂ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**အခမ်းအနားသို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ တောင်ကြီးခရိုင် ဦးစီးအရာရှိ ဒေါ်မေလွင်၊ မြို့နယ်ဦးစီးမှူးများနှင့် မြို့နယ်ရုံးစာကြည့်တိုက် လက်ထောက်(၃) ဝန်ထမ်းများ၊ ပြည်နယ်ခရိုင်ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီက အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် ဦးစီးအရာရှိ ဒေါ်မေလွင်က၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ရန်ပုံငွေသုံးစွဲမှု အခြေအနေနှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် ရန်ပုံငွေ ခွဲဝေသုံးစွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆောင်ရွက်

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် မြို့နယ်အလိုက်ဦးစီးမှူးများက ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီး ဌာနမှူးနှင့် ဝန်ထမ်းများ ဩဂုတ်၂၆ရက်က နမ့်တွန်းကျေးရွာအုပ်စု ဖုံမွန်ကျေးရွာတွင် နေထိုင်ကြသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ်လူဝင်မှုကြီးကြပ်ရေး)

ထူးချွန်ဆုပေးအပ်

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ကြည်က ထူးချွန်ဆုရကျောင်းသူတစ်ဦးအား ဆုပေးအပ်စဉ်။ (ဝ၉၁)

[illegible]



အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅/သမိုင်း၊ မြေကွက်အမှတ် ၅/က၂၊ ဧရိယာ ၀ဒသမ၁၁၅ဧကရှိ မြေပိုင်မြေကွက် အမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်တင်စိုး ၁၂/လမတ(နိုင်)၀၀၀၄၀၇၊ အမှတ် ၃၅စီ၊ မာဃလမ်းသွယ်၊ အမှတ်(၇)ရပ်ကွက်ထံမှ ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်စာရယူထားသူ ဦးထွန်းရွှေ ၁၂/လသန(နိုင်) ၀၁၁၅၅၆ထံမှ အပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေပေးချေထားပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ရီ B.Sc,D.A,R.L,LCCI (London)
တရားရုံးချုပ်ရှေ့နေ
အမှတ်၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ရောင်းရန်ရှိသည်

အကျယ် ၅ဧကခန့်ရှိပြီး ကမ္ဘာ့အကောင်းဆုံး မျိုးစိတ်ဖြစ်သော နှစ်နှစ်သားအရွယ်ခန့်ရှိ (သစ်မွှေး မျိုးကောင်းမျိုးသန့်) အပင် ၅၀၀၀ခန့် စိုက်ပျိုးထားသည့်ခြံအား ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

တည်နေရာ

အစိုးရနည်းပညာ
တက္ကသိုလ်အနီး(မြစ်ကြီးနား)၊
ကချင်ပြည်နယ်။

ဆက်သွယ်ရန်

ဖုန်း-၀၉-၉၀၄၅၉၅၁။

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ် စိုက်ပျိုး အလှတိုး

စာပေမြင့်မှ လူမျိုးတင့်မည်

အမည်မှန်

ပဲခူးမြို့နေ ဦးတင်ရွှေ၏ သမီး ဒေါ်မာမာ ၇/ပခန(နိုင်)၁၄၃၁၁၀ ကိုင်ဆောင်သူ၏ အမည်မှန်မှာ ဒေါ်မာမာ (ခ) ဒေါ်ခင်စန်းဝင်းရွှေ ဖြစ်ပါကြောင်း။

မြို့နယ် သတင်း ထွေတလာ

ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အသိပညာပေးဟောပြော

တန့်ယန်း ဩဂုတ် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက် ညနေ ၃နာရီက မြို့နယ်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျင်သိန်းက ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြား၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွန့်လှိုင်က မြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှုပပျောက်စေရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သိန်း၊ မူးယစ်အထူးအဖွဲ့ ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူးခင်မောင်အေး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးဝင်းတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ဖြစ်မှုဖြစ်ဒဏ်များအကြောင်း၊ ဆိုးကျိုးများအကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပညာပေးဆွေးနွေးပွဲကျင်းပ

မြင်းမူ ဩဂုတ် ၃၁

မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအုပ်စု ဝါအထွက်တိုး ရှေ့တန်းစခန်းတွင် ကျင်းပသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၃၀ရက် မွန်းလွဲပိုင်းက ကျင်းပရာ **(အောက်ပုံ)** မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဌာနရုံးချုပ်မှ အထွေထွေမန်နေဂျာ ဦးမြင့်ဆွေ(တိုးချဲ့စီမံကိန်း)၊ ဒေါ်မြခင်(ဒုတိယအထွေထွေ မန်နေဂျာ၊မျိုးစေ့နှင့်သုတေသနတာဝန်ခံ)၊ ဒေါ်တင်မာအေး (လက်ထောက်မန်နေဂျာ) ဝါနှင့်ပိုးချည်လုပ်ငန်းဌာနနှင့် ဒေါက်တာတင်မာမာဦး (ဒုတိယကြီးကြပ်ရေးမှူး) လွန်ကျော်၊ ဝါစိုက်ပျိုးရေးခြံတို့က ဆွေးနွေးပညာပေးကြသည်။

ဆွေးနွေး

အဆိုပါ အခမ်းအနားသို့ ခရိုင်မန်နေဂျာ ဒေါ်မြင့်မြင့်ဦး၊မြို့နယ်မန်နေဂျာ ဒေါ်တင်အေးညိုနှင့် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူ ၇၅ဦးတို့ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

(၀၃၅)

ရေစီးရေလာကောင်းရေး

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကမာဝက်ကျေးရွာရှိ ပဋ္ဌလနဂိုလ်ဈေးအတွင်း ရေစီးရေလာကောင်းရေးအတွက် ရေမြောင်းဆယ်ယူရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

လမ်းပေါက်ဖာထေး

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများကောင်းမွန်စေရန်အတွက် ရှမ်းချောင်းလမ်းမကြီးတစ်လျှောက် လမ်းပေါက်များဖာထေးပြုပြင်မှုကို ဇူလိုင် ၂၅ရက်က အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ငွေလှူဒါန်း

ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)၏ (၁၆)ကြိမ်မြောက် စုပေါင်းအလှူတွင် ဧည့်ခံကျွေးမွေးရန်အတွက် သမားတော်ကြီး ဦးကျော်စိန်(မိုးကုတ်)-ဒေါ်နန်းခမ်းဆာမိသားစုဖြူစင်မေတ္တာဆေးတိုက်က အလှူငွေကျပ်လေးသိန်း ပေးအပ်လှူဒါန်းရာ ဆီမီး ၉၉၀၀အဖွဲ့နာယက ဦးစိုးဝင်း (သတင်းထောက် စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)နှင့် အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ)တို့က လက်ခံယူစဉ်။ (၁၁၃)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း နိုင်ငံတကာသတင်းအညွှန်း

တိုး၏ 'အရှေ့အလယ်ပိုင်းနှင့် အီရတ်အရေး မျှော်လင့်ချက် ရောင်ခြည်ပေးပြီ၊ အာဖဂန်တို့၏ အနာဂတ်အရေး မျှော်တွေးလို့မရနိုင်သေး' သတင်းမှတ်စု။ (စာ-၅)

မောင်မောင်မြင့်ဆွေ၏ 'ယူအီးအက်ဖ်အေ၊ ဗူဗူဇီလာနဲ့ ဘောလုံးသမားများ' နိုင်ငံတကာအားကစား။ (စာ-၁၂)

တဖြည်းဖြည်း ကျုံ့လာနေသော လမျက်နှာပြင်

သတင်းမှတ်စု
မိုးမြင့်လင်းလက်

လရဲ့ မျက်နှာပြင်အချင်း အကျယ်အဝန်းဟာ အနည်းငယ် ကျုံ့သွားပြီဖြစ်တယ်လို့ နာဆာရဲ့ အာကာသ သိပ္ပံပညာရှင်တွေက စက်တင်ဘာ ၂ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

တွေ့ရှိ

နာဆာက စေလွှတ်ထားတဲ့ လလေ့လာရေး အာကာသယာဉ်ကပေးပို့တဲ့ ဓာတ်ပုံမှတ်တမ်းတွေကို စစ်ဆေးကြည့်တဲ့အခါ လရဲ့ မျက်နှာပြင် အကျယ်အဝန်းဟာ အရင်ကထက် မီတာ ၂၀၀ခန့် ကျုံ့သွားတာကို တိုင်းတာတွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် နာဆာရဲ့ အာကာသသိပ္ပံပညာရှင်တွေဟာ လရဲ့အနေအထားပြောင်းလဲမှုကို စောင့်ကြည့်လေ့လာရေး ပြုလုပ်နေကြပြီ ဖြစ်ပါတယ်။

ငြိမ်သက်

လက်ရှိအခြေအနေမှာတော့ လရဲ့မျက်နှာပြင်ပေါ်မှာ လေတိုက်ခတ်မှု လုံးဝမရှိဘဲ ငြိမ်သက်နေပြီး အချို့နေရာတွေမှာတော့ ဖုန်ကဲ့သို့သော အမှုန်တွေ ထူထပ်သိပ်သည်းနေတာ တွေ့ရှိရတယ်လို့ ဆိုပါတယ်။ နောက်ပြီး လရဲ့မျက်နှာပြင်ပေါ်မှာရှိတဲ့ ရာသီဥတု အနေအထားကလည်း အချို့နေရာတွေမှာတော့ အပူချိန်မြင့်တက်နေပြီး အချို့နေရာတွေဟာ အအေးဓာတ်ပြင်းထန်နေတာ တွေ့ရှိရတယ်လို့ နာဆာသိပ္ပံပညာရှင်တွေက ဆိုပါတယ်။

သုံးသပ်

နာဆာသိပ္ပံပညာရှင်တွေကတော့ လရဲ့မျက်နှာပြင်ပေါ်မှာ ထူးခြားတဲ့ အအေးဓာတ်လွှမ်းခြုံမှုတွေ အချိန်ကာလအတန်ကြာ ဖြစ်ပေါ်ခဲ့တာဖြစ်လို့ လရဲ့မျက်နှာပြင် ကျုံ့သွားတာမျိုး ဖြစ်ခဲ့သလားဆိုတာကိုလည်း သုံးသပ်နေကြပါတယ်။ လရဲ့မျက်နှာပြင် အချို့နေရာတွေမှာ အပူချိန် မြင့်တက်နေတာကလည်း အချိန်တိုကာလတစ်ခုသာဖြစ်ပြီး အချိန်အတော်များများကတော့ အအေးဓာတ် ထူးကဲစွာဖြစ်ပေါ်နေတယ်လို့လည်း ပြောကြားနေကြပါတယ်။

စာမျက်နှာ ၉ ကော်လံ ၃ ✻